# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၉၆)၊ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ၁၈-၆-၂၀၂၄၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကို ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာကြသူများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း(ရှမ်းတဲ)သို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၃ သို့ ☆



**ကြည့်ရှုအားပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

## ယနေ့ ဖတ်စရာ အညွှန်း


**အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ** — စာမျက်နှာ ၁၂

— — — — — — — — —

**နယုန်မိုးဖြင့် စည်ပြိုးစေသား** (ဆောင်းပါး) — စာမျက်နှာ ၁၇


## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

(၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၇ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဇွန် ၁၈ ရက်၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

## လူနာများ ဆေးကုသမှုစရိတ်လျှော့နည်းစေရေး ဆောင်ရွက်ပေးလျက်ရှိ

ပြည်သူ့ဆေးရုံမော်ဘီမြို့၏ နှစ်ထပ်ကုသဆောင်သစ်သည် ၁၆၈၀၀ စတုရန်းပေ အကျယ်အဝန်းရှိကာ နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၅၉ ဒသမ ၂၀၀ သန်း ကုန်ကျခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံ အထူးအဖွဲ့(၂)ကို လုပ်ငန်းအပ်နှံ၍ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ ၂၀၂၄ ခုနှစ် မတ် ၃၀ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

ထို့ပြင်ရန်ကုန်တိုင်းဒေသကြီး ကာကွယ်ဆေးသိုလှောင်အအေးခန်း သုံးထပ်အဆောက်အအုံသစ် မြေညီထပ်တွင်ရှိသည့် အအေးခန်းများအတွင်း ကာကွယ်ဆေးများ သိုလှောင်ထားရှိနိုင်ပြီး ဆက်စပ်ဆေးပစ္စည်းများ (Dry Stock)များကိုလည်း ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

ပြည်သူ့ဆေးရုံမော်ဘီမြို့၏ နှစ်ထပ်ကုသဆောင်သစ်တွင် အဆောက်အအုံမြေညီထပ်၌ အရေးပေါ်လူနာစမ်းသပ်ခန်း၊ ကိုယ်ဝန်ဆောင်မိခင်စောင့်ကြပ်ကြည့်ရှုခန်း၊ သားဖွားခန်းနှစ်ခန်း၊ မွေးပြီးလူနာစောင့်ကြပ်ကြည့်ရှုခန်း၊ မွေးကင်းစကလေးလူနာစောင့်ကြပ်ကြည့်ရှုခန်း၊ စတိုခန်း၊ ဆေးပေးခန်းတို့ပါဝင်ပြီး ပထမထပ်တွင် အမျိုးသမီးလူနာ ဆောင်များ၊ ကြပ်မတ်ကုသခန်း၊ ကလေးလူနာကုသခန်းတို့ ပါဝင်ပါကြောင်း၊ လူနာများစိုက်ထုတ်ကုန်ကျရသည့် ဆေးကုသစရိတ်လျှော့နည်းစေရေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင်ကာကွယ်ဆေးသိုလှောင်အအေးခန်းသုံးထပ်ဆောင်သစ်၏ အဆောက်အအုံ၊ ရေ၊ မီးတို့အတွက် ကုန်ကျစရိတ်သည် ခန့်မှန်းတန်ဖိုး မြန်မာငွေကျပ် သိန်းပေါင်း ၇၀၈၇ သိန်းခန့် (အမေရိကန်ဒေါ်လာ-၃၃၇၅၀၀)ကျခံကာ GAVI အထောက်အပံ့ဖြင့် Ultra Company Ltd. မှ တာဝန်ယူ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် လိုအပ်သော ကာကွယ်ဆေးနှစ်လစာကို သိုလှောင်ထားနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ဇွန် ၁၆ ရက်တွင် ပြည်သူ့ဆေးရုံ မော်ဘီမြို့ နှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲနှင့် ရန်ကုန်တိုင်းဒေသကြီး ကာကွယ်ဆေးသိုလှောင်အအေးခန်းအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားများ၌ ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ကာကွယ်ဆေးသိုလှောင်အအေးခန်း သုံးထပ်အဆောက်အအုံသစ်သည် အလျားပေ ၆၀၊ အနံ ၄၈ ပေ၊ အမြင့် ၃၉ ပေရှိသော သုံးထပ်ဆောင် အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် ကာကွယ်ဆေးများကို သိုလှောင်ထားရှိမည့် (30m3 Capacity) Walk in Cooler အအေးခန်းတစ်လုံး၊ (20m3 Capacity)ရှိ Walk in Freezer အအေးခန်းတစ်လုံး၊ Washing room တစ်ခန်း၊ Dry Store တစ်ခန်းနှင့် အအေးလမ်းကြောင်း ရုံးခန်းတစ်ခန်း ပါဝင်ကြောင်း၊ ပထမထပ်တွင် ရုံးခန်းတစ်ခန်း၊ Function Room သုံးခန်း၊ ဒုတိယထပ်တွင် သင်တန်းခန်းမကျယ် တစ်ခန်းနှင့် Store တစ်ခန်း၊ Function Room တစ်ခန်း၊ အစားအသောက်ပြင်ဆင်ခန်း တစ်ခန်းတို့ ပါဝင်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူနာများစိုက်ထုတ်ကုန်ကျရသည့် ဆေးကုသမှုစရိတ်လျှော့နည်းစေရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးထားသော ဆေးဝါးများဖြင့် လူနာများအတွက် အကျိုးရှိစွာအသုံးပြုနိုင်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။



## ရေနံချောင်းတက္ကသိုလ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရေနံချောင်း ဇွန် ၁၇**

အဆင့်မြင့်ပညာဦးစီးဌာန မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းတက္ကသိုလ်၌ ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အဖြစ် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၇ နာရီက အဆိုပါ ကျောင်းတွင် ကျင်းပသည်။

**(အပေါ်ပုံ)**

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ရေနံချောင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ သင်တန်း/စီမံ (ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကံ့ကော်၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ သရက်၊ ဖန်ခါး၊ သခွပ်၊ ငုဝါ၊ ငုချယ်ရီ၊ ပိတောက်၊ ပျဉ်းမ၊ နတ်ဩဇာ၊ စက္ကူပန်းပင် သစ်မျိုးစုံ စုစုပေါင်း အပင် ၆၀ ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

၀-၀-၀-၀-၀

## ရေတံခွန်တောင်ဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

**မန္တလေး ဇွန် ၁၇**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ် ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ယနေ့နံနက် ၉ နာရီ က MR.BAO HONGFU သည် အတူကစားဖော်များဖြစ်ကြသည့် ဦးအောင်ခန့်သူ၊ ဦးရှာရစ်၊ ဦးရှာကျန်တို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် ၁၉၁ကိုက်ကွာဝေး သော ကျင်းအမှတ်(၈)သို့ ဂေါက်သီးအမျိုးအစား HONMA-2 အား ဂေါက်တံအမျိုးအစား XXIO WOOD-3 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။

တစ်ချက်တည်းကျင်းဝင် အောင်ရိုက်နိုင်ခဲ့သော MR.BAO HONGFU အား SWEETY HOME ကုမ္ပဏီက ငွေကျပ်နှစ်သိန်းတန်ကူပွန်ဆု၊ Myanmar Casual Wear ကုမ္ပဏီက ဂေါက်အိတ်တစ်လုံး၊ ရှောက်လုံခမ်းဟော့ပေါ့က ငွေကျပ်ငါးသိန်းတန် ကူပွန်ဆုနှင့် ဝမ်းသာမြန်မာကုမ္ပဏီက ငွေကျပ်ငါးသိန်းတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကဆ)**

## လူအင်အား၊ စက်ယန္တရားအင်အားများအသုံးပြု၍ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး နေ့စဉ်ဆောင်ရွက်

**မန္တလေး ဇွန် ၁၇**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မင်းတဲအီကင်းရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၈ လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၄ လမ်းနှင့် ၁၅ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၅ လမ်းနှင့် ၁၇ လမ်းကြားမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ကန်ကောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၈ လမ်း အနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၂၇ လမ်းနှင့် ၂၈ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ပါတ်ကုန်းဝန်းကျင်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် စည်ပင်ရုံးကြီးဝင်းအတွင်းရှိ ရှစ်ထပ်ဆောင်မြောက်ဘက်ခြမ်းမြောင်းနှင့် ခြောက်ထပ်ဆောင်တောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၆၄ လမ်းနှင့် လမ်း ၃၀ တံတားထိပ်မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မြို့သစ်(၂)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၀၉ လမ်းတောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက လမ်း ၇၀ နှင့် ၇၁ လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

အမရပူရမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မှန်တန်းရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် တိုးချဲ့(၃)ရပ် မြောင်းအတွင်းမှ နုံနှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အလိုက်ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)တွင် ကြည့်ရှုစစ်ဆေးစဉ်။

✫ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း(ရှမ်းတဲ)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးကိုကိုနိုင်၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်းနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် စာသင်ဆောင်များအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ရင်းရင်းနှီးနှီး လိုက်လံအားပေးကြည့်ရှုပြီး ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကျောင်းခန်းမ၊ စာကြည့်တိုက်နှင့် ကျောင်းဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပစေရေး၊ ကျောင်းရှိ ပရိဘောဂနှင့် သင်ထောက်ကူ ပစ္စည်းများ ကောင်းမွန် ပြည့်စုံစေရေးနှင့် ကျောင်းသား ကျောင်းသူများ စာပေပညာကိုသာမက အသက်အရွယ်နှင့်ကိုက်ညီသည့် ဗဟုသုတများ ရရှိစေရေးအတွက် ပြင်ပစာပေများကိုလည်း စာကြည့်တိုက်တွင် ဖတ်ရှုသည့် အလေ့အကျင့်ရရှိကြစေရေး တိုက်တွန်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ကျောင်းစာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းစာအုပ်များနှင့် ကျောင်းသား ကျောင်းသူများ အတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျောင်း လိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ကျောင်းစာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာမြို့၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)၌ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)ရှိ ကျောင်းစာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)၌ စက်ရုံမှူး ဦးနိုင်လင်းက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား စက်ရုံ အစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးနိုင်လင်းက ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် စက်ရုံသို့ လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံမှချည်အမျိုးမျိုး ထုတ်လုပ်နိုင်မှု အခြေအနေများ၊ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် ဆောင်ရွက်ပေးနေမှု၊ ၂/၈၀ ချည်များအား ပြည်တွင်း၌ ထွက်ရှိသည့် ဝါများဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

## ကြိုးပမ်းဆောင်ရွက်

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြည်ပသို့ ဝါများကို ရောင်းချမည့်အစား ပြည်တွင်း၌ လိုအပ်လျက်ရှိသည့် အဆင့်မီချည်များ ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခြင်ထောင်၊ စောင်၊ အိပ်ရာခင်းအပါအဝင် အခြေခံချည်ထည် အမျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပြီး ဖြစ်သောကြောင့် ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသွင်းကုန်လျော့ကျစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့်ဝါများဖြင့် အရည်အသွေးမြင့် ချည်ထည်နှင့်ပိတ်များထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ အထည်အလိပ်နှင့်ပတ်သက်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၌ လိုအပ်လျက်ရှိသော ချည်မျှင်နှင့် အထည်အလိပ်များကို လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသော စက်ရုံမှထုတ်လုပ်ထားသည့် ယူနီဖောင်းပိတ်စများနှင့် ချည်ထည်များ၏ အရည်အသွေးများကို ကြည့်ရှုစစ်ဆေးစဉ်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ခင်းကျင်းပြသထားသော စက်ရုံမှ ထုတ်လုပ်ထားသည့် ယူနီဖောင်းပိတ်စများနှင့် ချည်ထည်များ၏ အရည်အသွေးများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ချည်ထည်များ၏ အရည်အသွေးအား ဆက်လက်ထိန်းသိမ်းသွားရန်၊ ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အရည်အသွေးမြင့်ချည်များ ထုတ်လုပ်နိုင်မည့် ချည်ငင်စက်ရုံနှင့် ဆေးဆိုးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စက်ရုံများ တည်ဆောက်ပြီးစီးမှုနှင့် စက်ကိရိယာများတပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စက်ရုံမှူးနှင့် စက်ရုံ တည်ဆောက်ရေးတွင် ပါဝင်သည့် နိုင်ငံခြားသားပညာရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ချည်ငင်စက်ရုံနှင့် ဆေးဆိုးစက်ရုံ တည်ဆောက်ရေးတွင်ပါဝင်သည့် နိုင်ငံခြားသား ပညာရှင်များအား ဒေသထွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)တွင် ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၂၄ မှ

လူသားအရင်းအမြစ်များ စနစ်တကျ မွေးထုတ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး ဒုတိယအကြီးအကဲ Mr. Ashish sharma၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Abhay Thakur အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် ဇွန် ၁၇**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခြဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ ခွန်စံလွင်၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမားများ ချစ်ကြည်ရင်းနှီးမှု ရရှိစေရေး၊ ပြည်ထောင်စုစိတ်ဓာတ်မြင့်မားလာစေရေးနှင့် အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်မည့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ မြန်မာ့အားကစားကို အစွမ်းကုန်အားပေးချီးမြှောက်နေသည့် အချိန်ကာလဖြစ်သည့်အတွက် အားကစားသမားများ အနေဖြင့် မိမိတို့၏ အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အနိုင်ရရှိစေရေး အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ပါဝင်ယှဉ်ပြိုင်ကြရန်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားကောင်းများဖြစ်လာအောင်ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားပြီး "၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ"ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန် (၄) ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အသင်းများမှ အသင်းအုပ်ချုပ်သူများ၊ အားကစားသမားများနှင့် ဒိုင်အဖွဲ့များကို လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် တိုက်ကွမ်ဒိုတစ်ဦးချင်း (အမျိုးသား/ အမျိုးသမီး) ကကွက်ပြိုင်ပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၅ သင်းတို့မှ အားကစားသမား စုစုပေါင်း ၂၆၃ ဦးတို့က ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ယှဉ်ပြိုင်သွားကြမည်ဖြစ်သဖြင့် တိုက်ကွမ်ဒို အားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ (၁၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် သရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ်သို့ တက်ရောက်



**နေပြည်တော် ဇွန် ၁၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့နံနက် ၆ နာရီခွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်မုခ်အနီးရှိခန်းမ၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် သရုပ်ပြလေ့ကျင့်ခြင်း အစီအစဉ်သို့ ပါဝင်တက်ရောက်သည်။

အစီအစဉ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဝန်ကြီးဌာနများမှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူး၊ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုစိုက်ပျိုး**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် အိန္ဒိယသံအမတ်ကြီးတို့နှင့်အတူ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ မာလိနီရေကန်တော် ဥယျာဉ်၌ (၁၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အထိမ်းအမှတ်အဖြစ် ကုံကော်ပင်ကို အမှတ်တရ စုပေါင်းဂုဏ်ပြု စိုက်ပျိုးကြသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ပါမောက္ခ၊ ဌာနမှူးများနှင့် အထူးကုဆရာဝန်ကြီးများ၊ မန္တလေးမြို့ပေါ်ရှိ ပုဂ္ဂလိကဆေးရုံမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၌ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် အရေးကြီးသည့် ကဏ္ဍတွင် ပါဝင်လျက်ရှိပြီး နိုင်ငံတော်က ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ်ကာ အထူးအလေးထားဆောင်ရွက်နေပါကြောင်း၊ ပြည်သူများအားကိုးအားထားပြုနေသည့် ကျန်းမာရေးဝန်ကြီးဌာနရှိ ပြည်သူ့ဆေးရုံကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးကို ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ပြင်ဦးလွင်မြို့အား စံပြမြို့တော်၊ ခရီးသွားမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ပညာရေးမြို့တော်၊ ကော်ဖီမြို့တော်၊ ပန်းမြို့တော်၊ ချယ်ရီမြို့တော် စသဖြင့် ဖြစ်စေရေး မူဝါဒများ ချမှတ်၍ အလေးထားကာ အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိသည့် တောင်ပေါ်အပန်းဖြေစခန်းမြို့တစ်မြို့လည်း ဖြစ်ပါကြောင်း၊ ပြင်ဦးလွင်မြို့တွင် ပုဂ္ဂလိကကျန်းမာရေး ကဏ္ဍမြှင့်တင်ရေးအတွက် မူဝါဒများနှင့် အညီ အကောင်အထည်ဖော်သွားရန် အစီအမံများချမှတ်ဆောင်ရွက်နေပါကြောင်းနှင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးတွင်လည်း အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

(ဝဲပုံ)

၎င်းနောက် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ပါမောက္ခ၊ ဌာနမှူးများနှင့် အထူးကုဆရာဝန်ကြီးများ၊ မန္တလေးမြို့ပေါ်ရှိ ပုဂ္ဂလိကဆေးရုံမှ တာဝန်ရှိသူများက ပြည်သူလူထု၏ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများအပေါ် တင်ပြအကြံပြုဆွေးနွေးပြောကြားရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြံပြုတင်ပြဆွေးနွေးချက်များအပေါ် ဖြည့်စွက်ပြောကြား၍ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# ကျေးရွာ ၆ ရွာ၌ စိုက်ပျိုးထားသော နွေနှမ်းနှင့် မိုးကြိုချည်မျှင်ရှည်ဝါများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် တိုက်နယ်(၁၂)ခုရှိပြီး စိုက်ပျိုးသီးနှံများကို ဆည်ရေသောက်စနစ်ဖြင့် နေရာဒေသအလိုက် စီမံကိန်းသီးနှံများ ရွေးချယ်စိုက်ပျိုးကြရာ တိုက်နယ်(၁၁)၊ ကျေးရွာ(၆)ရွာ၌ စိုက်ပျိုးထားသော နွေနှမ်းနှင့် မိုးကြိုချည်မျှင်ရှည်ဝါများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



နွေနှမ်းနှင့် မိုးကြိုချည်မျှင်ရှည်ဝါများကို စိုက်ပျိုးရာတွင် နွားတက်၊ သင်းဒီး၊ အထက်လင်းဇင်းဆည်မြောင်းရေများဖြင့် ဟံမြင့်မိုရ်ကျေးရွာအုပ်စုတွင် နွေနှမ်း(၆၃၃)ဧက၊ လယ်ကြီးကျေးရွာအုပ်စုတွင် နွေနှမ်း(၁၀၅၀)ဧက၊ ပုန်းညက်ကျေးရွာအုပ်စုတွင် နွေနှမ်း(၇၇၂)ဧက၊ ကျားကာကျေးရွာအုပ်စုတွင် နွေနှမ်း(၉၇၈)ဧက၊ သံရွာကျေးရွာတွင် နွေနှမ်း(၆၅၀)ဧကနှင့် မိုးကြိုချည်မျှင်ရှည်ဝါ (၂)ဧက၊ ခါးတက်ကုန်းကျေးရွာအုပ်စုတွင် နွေနှမ်း(၂၀၀)ဧက စုစုပေါင်း နွေနှမ်း(၄၂၈၃)ဧကနှင့် မိုးကြိုချည်မျှင်ရှည်ဝါ(၂)ဧက စိုက်ပျိုးထားကြောင်း သိရသည်။

နွေနှမ်းသီးနှံနှင့် ချည်မျှင်ရှည်ဝါသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တောင်သူများနှင့် ပူးပေါင်း၍ ဒေသနှင့်ကိုက်ညီပြီး အပင်ဖြစ်ထွန်းမှုနှင့် အထွက်နှုန်းသေချာသည့် မျိုးစေ့များ ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေပေးဝေခြင်း၊ အပင်ပြုစုပျိုးထောင်ခြင်း၊ ရိတ်သိမ်းသိုလှောင်ခြင်းနည်းပညာများ စနစ်တကျပံ့ပိုးကူညီလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ပြုလုပ်

**တာချီလိတ် ဇွန် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၊ တာလေမြို့နယ်ခွဲတွင် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ ခုနှစ်၊ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၅ ရက် နံနက်ပိုင်းက တာလေမြို့ရှောင်လမ်းဘေးဝဲ၊ယာ၌ ပြုလုပ်သည်။

ရှေးဦးစွာ တာလေမြို့နယ်ခွဲ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးကြပြီး တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးစေရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေပြီး ရာသီဥတု ညီညွတ်မျှတမှုရှိစေရန်၊ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတတ်စေပြီး သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းတို့တွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ဒေသနှင့် ကိုက်ညီသည့် မန်ဂျန်ရှား၊ မယ်ဇလီ ပျိုးပင်ပေါင်း ၂၀၀ ကို ပြည်သူလူထုအင်အား ၁၀၀ က တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြ)**

**ရေနတ်မြောင်းအတွင်း အမှိုက် မပစ်ခြင်းဖြင့် ကူညီပါ။**




# "Common Rose"လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

နေပြည်တော် ဇွန် ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် "Common Rose" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား ၂၀၂၄ ခုနှစ် ဇွန် ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် နယုန်လဆန်း ၁၄ ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီခွဲ မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၄ ခုနှစ် ဇွန် ၂၀ ရက်(ကြာသပတေးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## ဆဲလ်များထဲရှိ လွန်ကဲသောအာဟာရများကြောင့် အဝလွန်ပြီး အသက်ကိုတိုစေနိုင်မည်ဟု ဆို

ဆဲလ်များထဲရှိ လွန်ကဲသောအာဟာရများကြောင့် အဝလွန်ပြီး အသက်ကိုတိုစေနိုင်မည်ဟု စပိန်နိုင်ငံ ဗလင်စီယာတက္ကသိုလ်မှ သုတေသီများ မကြာသေးမီက လေ့လာဖော်ထုတ်နိုင်ခဲ့သည်။



ယင်းဖော်ထုတ်တွေ့ရှိချက်သည်ဓာတ်ခွဲခန်းကြွက်များဖြင့် လက်တွေ့လေ့လာခဲ့သော ဇရာသုတေသနဆိုင်ရာ အမျိုးသား အဖွဲ့အစည်း၏ သုတေသနရလဒ်နှင့် ကိုက်ညီနေခဲ့သည်။

လွန်ကဲသောအာဟာရဓာတ်ပစ္စည်းများက ဆဲလ်တိုင်းတွင် ကပ်ငြိဖြစ်တည်နေသော လိုင်ဆိုဆုမ်းများ၏ စွမ်းဆောင်ရည် ကျဆင်းစေရာမှ ဆဲလ်ယိုယွင်းပျက်စီးမှုကို ပြုပြင်နေရသဖြင့် ရောင်ရမ်းမှု၊ အဝလွန်မှုဖြစ်ပွားကာ ထိုမှတစ်ဆင့် အသက် ၁၀ နှစ်မှ ၁၆ နှစ်ခန့်အထိ တိုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(Mon)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Jake Gyllenhaal က The Bride ရုပ်ရှင်တွင် ပါဝင်



ဟောလိဝုဒ်နည်းပညာသရုပ်ဆောင်တစ်ဦးဖြစ်သည့် ဂျိတ်ဂါလန်ဟောက The Bride ရုပ်ရှင်တွင် အမျိုးသမီးသရုပ်ဆောင်ဒါရိုက်တာ မက်ဂီဂါလန်ဟောရိုက်ကူးထားပြီး ပါဝင်သရုပ်ဆောင်သွားမည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်မှာ ၁၉၃၅ ခုနှစ်ထုတ် သရဲကား Bride Of Frankenstein ကို အမိက ကျောရိုးယူ၍ ပြန်လည်ရိုက်ကူးထားခြင်းဖြစ်ကာ ဒါရိုက်တာ မက်ဂီဂါလန်ဟော အပါအဝင် ခရစ္စတင်းဘာလီ၊ ပီတာစကတ်ဂတ်၊ ပန်နီလိုခရုစ်၊ အန်နီတာဘန်နင်း၊ ဂျက်ဆီဘာဂါလီတို့နှင့်အတူ ဂျိတ်ဂါလန်ဟောကို မြင်တွေ့ကြရမည်။

လက်ရှိ ယူကေနိုင်ငံတွင် ရိုက်ကူးရေးပြုလုပ်နေပြီး ပြသမည့် ရက်အတိအကျမသိရသေးသော်လည်း ဂျိတ်ဂါလန်ဟော ပရိသတ်များ စောင့်မျှော်နေကြသည်။

**(SKY)**

## Xiao Zhan ၏ ချုံချင့်အိမ်ပြန်ခရီးကို ပရိသတ်စိတ်ဝင်စား

တရုတ်အနုပညာရှင် ရှောင်းကျန့်သည် လွန်ခဲ့သည့် အပတ်က ချုံချင့်သို့ အိမ်ပြန်ခရီးသွားခဲ့ရာ ဖက်ရှင်စတိုင်လ်သစ်နှင့် မြင်တွေ့ကြရပြီး အိမ်ပြန်ခရီးစဉ်ကို ပရိသတ်စိတ်ဝင်စားခဲ့ကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ချုံချင့်မြို့သားရှောင်းကျန့်၏ အိမ်ပြန်ခရီးဖက်ရှင်စတိုင်လ်မှာ လန်းဆန်းပေါ့ပါးနေပြီး ချုံချင့်အိမ်တွင် ကျန်ခဲ့သည့် သူ့အချစ်တော်ကြောင်လေးနှင့် ရင်းနှီးစွာနေထိုင်နေသောပုံများ မြင်တွေ့ကြရကာ အိမ်အပြန်ခရီးအသွားအပြန်မချွတ်တမ်း ဦးထုပ်ဆောင်းထား၍ နောက်ရိုက်ကူးမည့် ရုပ်ရှင်အတွက် ဆံပင်ပုံစံပြောင်းထားခြင်းဖြစ်မည်ဟု ပရိသတ်မှတ်ချက်ပေးထားကြသည်။

ရှောင်းကျန့်၏ အိမ်အပြန်ခရီးစဉ်အကြောင်း လျှို့ဝှက်ထားရာ ပရိသတ်စိတ်ဝင်တစားစောင့်မျှော်နေကြသည်။ **(SKY)**




## Barbie Live Action ရုပ်ရှင်အောင်မြင်မှုရ၍ ဆက်လက်ရိုက်ကူးမည်

ရုံတင်ဝင်ငွေများစွာနှင့် အောင်မြင်မှုရရှိခဲ့သည် Warner Bros ၏ Barbie Live Action ရုပ်ရှင်နောက်တစ်ကား ထပ်မံထုတ်လုပ်ရိုက်ကူးမည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ဒါရိုက်တာဂရီတာဂရင်း ရိုက်ကူးထားပြီး သရုပ်ဆောင်မာဂေါ့ရိုဘီနှင့် ရိုင်ဂိုစလင်းတို့ အဓိကပါဝင်ထားသည့် Barbies ရုပ်ရှင်မှာ အရုပ်လောကတွင် နေထိုင်သည့် ဘာဘီရုပ်တရုပ်ပြင်ပကမ္ဘာလောကသို့ ရောက်ရှိခဲ့ပြီး အရုပ်နှင့်လူသားများကြား ကွဲပြားမှုနှင့်အတွေးအမြင်များသိရှိသွားပုံကို ရိုက်ကူးထားသည်။

ဒါရိုက်တာဂရီတာဂရင်က Barbie Sequal ကို ထပ်မံရိုက်ကူးရန် မသေချာကြောင်း ပြောခဲ့သော်လည်း Warner Bros က နောက်ထပ်ရုပ်ရှင်တစ်ကားကို ထုတ်လုပ်ရန်စီစဉ်နေပြီး အခြားဒါရိုက်တာတစ်ဦးပြောင်း၍ ထုတ်လုပ်သွားမည်ဟု ဒင်နရယ်ရစ်ခန်မန်ဆိုသည့် ရုပ်ရှင်လောကသားတစ်ဦးက ပြောကြားသွားသည်။ **(SKY)**

## Wang Yibo ၏ ပြည့်နေသော အချိန်ဇယားနှင့် မရပ်မနား လှုပ်ရှားမှုများ ထွက်ပေါ်လာ

တရုတ်အနုပညာလောကတွင် အောင်မြင်မှုများစွာ သိမ်းပိုက်ထားသော ဝမ်ရိဘို၏ အလုပ်ချိန်ဇယားမှာ အပြည့်ဖြစ်နေပြီး အရပ်မနားလှုပ်ရှားမှုများကို ထွက်ပေါ်လာ၍ ပရိသတ်ကျန်းမာရေးအတွက် စိုးရိမ်နေကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝမ်ရိဘိုသည် ဇွန်လအတွင်း ၇ ရက်မှ ၁၀ ရက်ထိ ပေကျင်းမှ ပဲရစ်သို့ ၁၃ ရက်မှ ၁၅ ရက်ထိ Olympic Torch Bearer နှင့် ပြည့်နေကာ ၁၁ ရက်တွင် Beijing မှ Shenzhen၊ ၁၃ ရက်တွင် Zhuhai မှ Shanghai ၁၄ ရက်တွင် Douyin ရုပ်ရှင်၊ ၁၆ ရက်တွင် Weibo Movie night၊ ၂၀ ရက်တွင် ပေကျင်းမှ ပဲရစ်၊ ၂၂ ရက်တွင် ပဲရစ်မှ ပေကျင်းပြန် ရောက်မည် ဖြစ်သည်။

ဇူလိုင် ၁၃ ရက်တွင် Shanghai မှ Peris၊ ၁၅ရက်တွင် Peris မှ Shanghai ၁၇ ရက်တွင် Shu Uemura Event ရှန်ဟဲနှင့် ၂၄ ရက်တွင် YH Family Concert ရှန်ဟဲမြို့တို့ကို သွားရောက်ရမည်ဖြစ်၍ မရပ် မနားလှုပ်ရှားမှုများကြောင့် ပရိသတ်က သူ့ကျန်းမာရေးကို စိုးရိမ်နေကြသည်။ **(SKY)**



## Brad Pitt အစားအမြဲစားရခြင်းအကြောင်းရင်းရှိ

ဟောလိဝုဒ်အနုပညာရှင် ဘရက်ပစ်သည် အစားအသောက် မပြတ်စားတတ်သူတစ်ဦးဖြစ်ရာ သူက အကြောင်းပြချက်နှစ်ခုနှင့် စားသောက်ခဲ့ရသည်ဟု ပြောကြားထားသည်ဟု ဘောလိဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။

ဘရက်ပစ်ပါဝင်သော ဇာတ်ကားတစ်ရာကျော်တွင် ၆၀ ကျော်လောက်မှာ ရုပ်ရှင်ထဲ၌ အမြဲစားသောက်ခန်းပါခဲ့သည်ကို သတိထားမိသော မီဒီယာများက သူ့ကို မေးမြန်းခဲ့ရာ သူက အကြောင်းပြချက်နှစ်ခုပြောကြားခဲ့သည်။

ပထမတစ်ချက်မှာ ဗိုက်ဆာ၍ဖြစ်ပြီး နောက်တစ်ချက်မှာ သရုပ်ဆောင်ရာတွင် ပို၍ ယုတ္တိရှိစေရန် ဖြစ်သည်ဟု အမြဲစားသောက်ရခြင်းအကြောင်းရင်းကို ပြောကြားထားသည်။

ပရိသတ်များက Ocean ရုပ်ရှင်တွင် အဆက်မပြတ်စားခဲ့သည်ကို တွေ့ရပြီး ဘာမှမရှိလျှင် ပီကေဝါးနေတတ်သည်ဟု မှတ်ချက်များပေးထားကြသည်။

**(SKY)**



## Song Hye Kyo ကို အားနာသည်းခံစိတ်စံတင်ရသူဟု ဟန်ဟေယိုက ပြောကြား

အနုပညာရှင် ညီအစ်မဖြစ်ကြသည့် ဟန်ဟေယိုက ဆောင်းဟေကိုနှင့် ခင်မင်ရင်းနှီးခဲ့ပြီး သူ၏အားနာသည်းခံစိတ်စံတင်ရသူဟု အင်တာဗျူးတွင် ပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆောင်းဟေကိုနှင့်အတူ ပွဲတစ်ခုအတူတက်ခဲ့ပြီး ညစားစားပွဲပြီး၍ ဟိုတယ်ပြန်ရောက်မှ ခြေအိတ်ချွတ်ပြီး ယားသည်ဟု ဆို၍ ကြည့်လိုက်ရာ အင်ပြင်ထနေသည်ကို တွေ့ရ၍ မပြောဘဲ သည်းခံနေသည်မှာ သေချာပြင်ဆင်ပေးထား၍သည်းခံရမည်ဟု ပြောကြားခဲ့သည်။

ပြင်သစ်တွင် ဓာတ်ပုံရိုက်ကူးရေးလုပ်ပြီး ပြင်သစ်စားသောက်ဆိုင်တွင် အဖွဲ့သားများကို ကျွေးမွေးရာ အဆီများသော အစားအစာမကြိုက်ဘဲ ကိုရီးယားစာပဲစားချင်သော်လည်း ပြင်သစ်ဆိုင်တွင် ကြိတ်မှိတ်စားခဲ့ပြီး ဟိုတယ်ပြန်ရောက်မှ ခေါက်ဆွဲပြုတ်စားခဲ့သည်။

ဆောင်းဟေကိုနှင့် Elle



အင်တာဗျူးတွင် Cafe၌ အစားအသောက်မှာပေးလျှင် ပြန်ပြောမလား သည်းခံသောက်မလားဟုမေးရာ သည်းခံသောက်လိုက်မည်ဟု ပြောခဲ့ကာ ရင်းနှီးသူများနှင့် တက်ကြွ၍ စကားပိုပြောကာ ပုံမှန်အကျင့်မဟုတ်၍ စကားမှားသွားမည်ကို စိုးရိမ်၍ နှုတ်ပိတ်နေတတ်သည်ကို ပရိသတ်အချို့က မာနကြီးသည်ဟု ထင်ခံရသည်ဟု ပြောပြထားသည်။ **(SKY)**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## သမ္မတ ဗလာဒီမာပူတင် မြောက်ကိုရီးယားသွားမည့်ခရီးစဉ်ကို ရုရှားအရေးစောင့်ကြည့်သူများ အထူးစိတ်ဝင်စားနေ

**မော်စကို ဇွန် ၁၇**

ရုရှားသမ္မတ ဗလာဒီမာပူတင် မြောက်ကိုရီးယားသွားမည့် ခရီးစဉ်ကို ရုရှားအရေးစောင့်ကြည့်သူများ အထူးစိတ်ဝင်စားနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ယမန်နှစ်က အစိမ်းရောင်ကျည်ကာမီးရထားစီးကာ မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်သည် ရုရှားနိုင်ငံ၏ အရှေ့ဖျားပိုင်းသို့ သမိုင်းဝင်အလည်အပတ်ခရီးသွားရောက်ခဲ့သည်။

ထိုသို့ရောက်ရှိစဉ် ဆွေးနွေးပွဲဌာစွာ ခရီးဦးကြိုပြုနှုတ်ဆက်ခဲ့သော ရုရှားသမ္မတ ဗလာဒီမာပူတင်ကို မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်လာရောက်ရန် ခေါင်းဆောင်ကင်မ်က ဖိတ်ကြားခဲ့သည်။

ယင်းဖိတ်ကြားချက်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း လက်ခံခဲ့သဖြင့် ရုရှားအရေးစောင့်ကြည့်သူများက ရုရှားသမ္မတ၏ မြောက်ကိုရီးယားခရီးစဉ်ကိစ္စကို အထူးစိတ်ဝင်စားနေခြင်းဖြစ်သည်။

ခေါင်းဆောင်ကင်မ်၏ ဖခင် ဖိတ်ကြားသဖြင့် ၂၀၀၀ ပြည့်နှစ်က သမ္မတဗလာဒီမာပူတင် မြောက်ကိုရီးယားသို့ အလည်အပတ်သွားရောက်ခဲ့ဖူးကြောင်း သိရသည်။

**Mon**



ဩစတြေးလျားပါလီမန်သို့ ဇွန် ၁၆ ရက်က တက်ရောက်လာသည့် ဧည့်သည်တော်တရုတ်ဝန်ကြီးချုပ် လီချန်ကို ဩစတြေးလျားဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်နေစဉ်။ **Mon**

## ဆစ်ခ်ခွဲထွက်ရေးခေါင်းဆောင် အသတ်ခံရမှုတွင် ပါဝင်ပတ်သက်သူကို နယူးယောက်၌ စစ်ဆေးမည်

**ဝါရှင်တန် ဇွန် ၁၇**

ယမန်နှစ်က အိန္ဒိယအစိုးရက အကြမ်းဖက်သမားဟု စွပ်စွဲခံခဲ့ရသည့် အမေရိကန်နိုင်ငံသားခံယူထားသူ ဆစ်ခ်ခွဲထွက်ရေးခေါင်းဆောင် ဂါပတ်ဝမ့်ဆင်းပန်နန် အသတ်ခံခဲ့ရသည်။

ထို လူသတ်မှုတွင် အဓိကပါဝင်ပတ်သက်သူဟု စွပ်စွဲခံထားရသော အသက် ၅၂ နှစ်အရွယ် နီခီးလ်ဂုပတားကို အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်၌ မကြာမီကြားနာစစ်ဆေးမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဖမ်းဆီးရမိခဲ့သော ချက်သမ္မတနိုင်ငံတွင် ၎င်းကို တရားဥပဒေနှင့်အညီ စစ်ဆေးကြားနာခဲ့ရာ အဆိုပါ ဆစ်ခ်ခွဲထွက်ရေးခေါင်းဆောင်ကို သတ်ဖြတ်ရန် မိမိကြေးစားလူသတ်သမားငှားပေးခဲ့ခြင်းမရှိဟု ဂုပတားက ငြင်းချက်ထုတ်ခဲ့သည်။

အသတ်ခံခဲ့ရသော ပန်နန်သည် အမေရိကန်နှင့် ကနေဒါ နှစ်နိုင်ငံ ဒွိနိုင်ငံသားခံယူထားပြီး နယူးယောက်တွင်လည်း အနေများခဲ့သဖြင့် အမေရိကန်တရားရေးဌာနက ဂုပတားကို လွှဲပြောင်းပေးရန် ချက်သမ္မတနိုင်ငံကို တောင်းဆိုခဲ့ကြောင်း သိရသည်။

**Mon**



## စစ်ရေးဆောင်ရွက်မှု နေ့စဉ်ရပ်တန့်မည့်အစီအစဉ် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု လက်မခံ

**ဂျေရုဆလင် ဇွန် ၁၇**

အစ္စရေးစစ်တပ်၏ စစ်ရေးဆောင်ရွက်မှု နေ့စဉ်ရပ်တန့်မည့် အစီအစဉ်ကို မိမိလက်မခံဟု ဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုက စစ်ဘက်ဆိုင်ရာ အတွင်းဝန်ကို ဇွန် ၁၆ ရက်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

လူသားချင်းစာနာထောက်ပံ့ရေးယာဉ်တန်းများ ဖြတ်သန်းသွားလာနိုင်ရန် ဖြေလျှော့ပေးသောအားဖြင့် မိမိတို့၏ စစ်ရေးဆောင်ရွက်မှုများကို နံနက်ပိုင်းတွင် ၁၁နာရီကြာမျှ ယာယီရပ်တန့်ပေးထားမည်ဟု အစ္စရေးစစ်တပ်က ဆုံးဖြတ်ကာ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ ယာယီရပ်တန့်ဖြေလျှော့ပေးသော်လည်း ရာဖာမြို့တွင် မိမိတို့၏ ပုံမှန်စစ်ဆင်ရေးများကို မူလအတိုင်းဆက်လက်လုပ်ဆောင်သွားမည်သာဖြစ်ကြောင်း အစ္စရေးစစ်တပ်က ကြေညာချက်တွင် ထည့်သွင်းဖော်ပြခဲ့ပြီးလည်းဖြစ်သည်။

အလယ်အလတ်ဝါဒီ ဗိုလ်ချုပ်ကြီးဟောင်း ဘင်နီဂန့်ဇ် စစ်ကာလအစိုးရအဖွဲ့မှ နုတ်ထွက်သွားပြီးနောက် လက်ယာအစွန်းရောက်များ ကြီးစိုးနေသဖြင့် ၎င်းတို့၏အလိုကျ ဘင်ဂျမင်နက်တန်ယာဟုက ထိုသို့ပြောကြားခဲ့ကြောင်းဖြစ်နိုင်သည်ဟု အရှေ့အလယ်ပိုင်း အရေးကျွမ်းကျင်သူအချို့ကယူဆကြောင်း သိရသည်။

**Mon**



## အိန္ဒိယနိုင်ငံအရှေ့ပိုင်း နယူးဂျာလ်ပါအီဂူရဒေသတွင် ကုန်ရထားကခရီးသည်တင်ရထားကို ဝင်တိုက်မှုဖြစ်ပွား

**ဒေလီ ဇွန် ၁၇**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ် နယူးဂျာလ်ပါအီဂူရဒေသတွင် ဇွန် ၁၆ ရက်နံနက်ပိုင်း၌ ကုန်ရထားက ခရီးသည်တင်ရထားကို ဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကန်ချင်ဂျန်ဂါခရီးသည်တင် အမြန်ရထား ရပ်နားနေစဉ် ကုန်ရထားက နောက်မှဝင်တိုက်မိခဲ့ခြင်းဖြစ်ပြီး လူ ၈ ဦး ထက်မနည်း သေဆုံးကာ ၂၅ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း မီးရထားဌာနပြောခွင့်ရသူက အတည်ပြုသည်။

နေ့ပိုင်းအထိ အရေးပေါ်ကယ်ဆယ်ရေး လုပ်ဆောင်ခဲ့ပြီး ထိုမတော်တဆမှုဖြစ်ပွားရသည့် အကြောင်းအရင်းကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**Mon**



## ဆော်ဒီအာရေဗျ၌ အပူလွန်ကဲသဖြင့် ဟာ့ဂျ်ဘုရားဖူးပရိသတ် ၁၄ ဦး သေဆုံး

**ရီယာ့ဒ် ဇွန် ၁၇**

ဆော်ဒီအာရေဗျနိုင်ငံ၌ အပူလွန်ကဲနေသဖြင့် ဟာ့ဂျ်ဘုရားဖူးပရိသတ် ၁၄ဦး မကြာသေးမီက သေဆုံးခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အပူဒဏ်ကြောင့် ထိုသို့သေဆုံးရသူများမှာ မိမိတို့နိုင်ငံသားများဖြစ်ကြောင်း ဂျော်ဒန်နိုင်ငံက အတည်ပြုကြေညာသည်။

အခြားဂျော်ဒန်နိုင်ငံသား ၁၇ ဦးတို့သည်လည်း ဟာ့ဂျ်ဘုရားဖူးသွားရင်းပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေလျက်ရှိသည်။

အီရန်နိုင်ငံသား၅ဦးလည်း ယခုနှစ်ဟာ့ဂျ်ကာလအတွင်း သေဆုံးခဲ့ရသည်ဟု အီရန်လခြမ်းနီအဖွဲ့က သတင်းထုတ်ပြန်ကြောင်း သိရသည်။

**Mon**



## စင်ကာပူ တောင်ဘက်ကမ်းရိုးတန်းတစ်လျှောက်၌ ဖိတ်လျှံရေနံများကို အဆောတလျင်ရှင်းလင်းနေ

**စင်ကာပူ ဇွန် ၁၇**

စင်ကာပူနိုင်ငံတောင်ဘက် ကမ်းရိုးတန်းတစ်လျှောက်၌ ဖိတ်လျှံရေနံများကို အဆောတလျင် ရှင်းလင်းနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇွန် ၁၄ ရက်က နယ်သာလန်အလံလွှင့်ထူထားသော သင်္ဘောတစ်စင်းက စင်ကာပူရေနံတင်သင်္ဘောကို ဝင်တိုက်မိရာမှ ရေနံစိမ်းတန်ချိန် ၄၀၀ ခန့် ဖိတ်လျှံကျခဲ့ခြင်းဖြစ်သည်။

ပင်လယ်ရေပြင်၏ အရောင်သည် ဇွန် ၁၆ ရက်အထိ ရေနံများဖြင့်မည်းညစ်နေဆဲဖြစ်ကြောင်း အပန်းဖြေရန် ကမ်းခြေသို့လာရောက်သူများက ထုတ်ဖော်ပြောကြားသည်။

ထိုဖိတ်လျှံရေနံများသည် စင်ကာပူတောင်ပိုင်း ပင်လယ်ကမ်းခြေများအထိ ရောက်ရှိလာခဲ့ရာမှ ရေထုညစ်ညမ်းမှုအခြေအနေ အလွန်ဆိုးရွားနေခြင်းဖြစ်သည်။

စင်ကာပူတောင်ပိုင်းနှင့် တစ်ဆက်တည်းဖြစ်သော ပင်လယ်ကမ်းခြေများတွင် ရေကူးခြင်းကို ဇွန် ၁၇ ရက်အထိ တားမြစ်ထားဆဲဖြစ်ကြောင်း သိရသည်။ **Mon**

# အမြို့မြို့ အနယ်နယ်မှ မှူခင်းသတင်းများ

## သနပ်ပင်မြို့နယ် သနတ္တန်းကျေးရွာမှ လောင်းကစားဝိုင်းကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေးနေသည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၁၇

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် သနတ္တန်းကျေးရွာမှ လောင်းကစားဝိုင်း တစ်ခုကို ဇွန် ၁၆ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း၊ ထိုသို့ ဖမ်းဆီးချိန်တွင် လောင်းကစားဝိုင်းကို လုံခြုံရေးဆောင်ရွက်ပေးနေသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမျိုးသားတစ်ဦး၏ပေါင် ကျည်ထိမှန်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇွန် ၁၆ ရက် နံနက်ပိုင်းက သနတ္တန်းကျေးရွာတွင် ဒေသခံပြည်သူများ ကျားပိုက်ထောင်ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်ရာနေရာသို့ အကြမ်းဖက်သမား ခြောက်ဦး လက်နက်ငယ်များဖြင့် ရောက်ရှိလာပြီး ဒေသခံပြည်သူများထံမှ ငွေကျပ် ၁၀ သိန်း၊ ရွှေလက်စွပ်၊ ရွှေလက်ကောက်၊ ရွှေဆွဲကြိုးများ ကာလတန်ဖိုး ၆၈ သိန်းခန့်နှင့် ဆိုင်ကယ်သုံးစီးတို့ကို ယူဆောင်သွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများက ရွှေထည်ပစ္စည်းများယူဆောင်စဉ် ထွက်ပြေးရန်ပြုလုပ်သည့် ကျေးရွာသား တစ်ဦးကို သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ဝမ်းဗိုက်ရှပ်ထိပြီး ဝဲဘက်ပေါင်တွင် ကျည်ဖောက်ထွက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရသိရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများမှ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့်ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

## အိုးဘိုအကျဉ်းထောင်တွင် အကျဉ်းသားများ အဆမတန် စုပြုံထားရှိသဖြင့် အခက်အခဲကြုံနေဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဇွန် ၁၇

"အိုးဘိုအကျဉ်းထောင်တွင် အကျဉ်းသားများကို သတ်မှတ်လူဦးရေထက် အဆမတန် စုပြုံထားရှိသဖြင့် အကျဉ်းသားများ အခက်အခဲကြုံနေရ" ခေါင်းစဉ်ဖြင့် Tachileik News Agency Facebook Page က ဇွန် ၇ ရက်တွင် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

Tachileik News Agency Facebook Page ၏ ဖော်ပြမှုသည် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ပြီး ဖြစ်စဉ်အမှန်မှာ မန္တလေး ဗဟိုအကျဉ်းထောင်တွင် ပင်မထောင်မကြီးနှင့် အသစ်ထပ်မံဆောက်လုပ်ထားသော ထောင်သစ်ဟူ၍ ထောင်နှစ်ခုရှိပြီး အကျဉ်းသား တစ်ဦးလျှင် ၁၈ စတုရန်းပေနှုန်းဖြင့် လက်ခံထိန်းသိမ်းထားကာ လက်ခံနိုင်သည့်အင်အားထက် ပိုမိုခြင်းမရှိကြောင်း။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိစစ်ရာတွင် ထိန်းသိမ်းထားရှိသော အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူတို့အား အကျဉ်းထောင်လက်စွဲဥပဒေပါအတိုင်း အဝတ်အထည်များကို လိုအပ်သည့်အတိုင်းအတာအထိ ထားရှိရန် ခွင့်ပြုပေးထားပြီးအကျဉ်းထောင်မှ သတ်မှတ် အဝတ်အထည်နှုန်းထားအလိုက် ထုတ်ပေးထားရှိကာ အကျဉ်းထောင်အတွင်း အိပ်ဆောင်များတွင် အဝတ်လှန်းစင်များ ပြုလုပ်ပေးထားသောကြောင့် လျှော်ဖွပ်ပြီး အဝတ်များကို ခြောက်သွေ့စေရန် အခက်အခဲမရှိဆောင်ရွက်နိုင်ကြောင်း အကျဉ်းထောင်တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

ထို့အတူ အိုးဘိုအကျဉ်းထောင်တွင် အကျဉ်းထောင်ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများဖြင့် အကျဉ်းသား/ အချုပ်သားများ၏ ကျန်းမာရေးကို စနစ်တကျ ကုသပေးလျက်ရှိကြောင်း၊ ပြင်ပလူသစ်ရောက်ရှိလာသည့် အခါတွင်လည်း ပွေး၊ ဝဲ ၊ ယားနာများပါ/မပါ စစ်ဆေးပြီး ပါရှိလာပါကလည်း ကျန်းမာရေး ဝန်ထမ်းများ ရှေ့မှောက်တွင် ဆေးစား/ ဆေးလိမ်းခြင်းကို နေ့စဉ်ကြပ်မတ်ကုသပေးလျက်ရှိကြောင်း၊ အကျဉ်းသား/အချုပ်သား တစ်ဦးလျှင် နံနက်/ည ချိုးရေလုံလောက်စွာ ရရှိရေး ဆောင်ရွက်ပေးထားပြီး တစ်ဦးလျှင် သောက်ရေသုံးရေ တစ်နေ့ ၄၈ ဂါလန်ခန့် ရရှိသုံးစွဲနိုင်ကြောင်း၊ အဝတ်မခြောက်၍ အဝတ်မလုံလောက်၍ ဖြစ်ရသော ပွေး၊ဝဲ၊ယားနာ လူနာများမရှိကြောင်း သိရသည်။

အလားတူ အကျဉ်းထောင်တွင် နိုင်ငံရေး အကျဉ်းသားဟူ၍ မရှိကြောင်း၊ လတ်တလောတွင် အကျဉ်းသူအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှု မရှိကြောင်း၊ ကိုယ်ဝန်ဆောင် အကျဉ်းသူ/ အချုပ်သူများ၊ ကလေးမိခင်များနှင့် ကလေးငယ်များအားသီးခြား အိပ်ဆောင်တွင် နေရာချထားပေးပြီး ဖြည့်စွက်အစားအစာကျွေးမွေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများက နေ့စဉ်ကျန်းမာရေး စစ်ဆေးပေးခြင်း၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့မှ တစ်လတစ်ကြိမ် အစားအသောက်နှင့် အဝတ်အထည်များပံ့ပိုးပေးခြင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ပြီးလိုအပ်သည့် ကာကွယ်ဆေးများကို သတ်မှတ်ကာလအလိုက် တိုက်ကျွေး/ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အစားအသောက် ဝေငှရာတွင်လည်းကောင်း၊ ချိုးရေ/သုံးရေ သုံးစွဲရာတွင် လည်းကောင်း သီးခြားဆောင်ရွက်ပေးခြင်းတို့ကြောင့် ကလေးများ၌ အပူနာ ၊ မိတ်ဖုများ ၊ အရေပြားရောဂါများ စွဲကပ်ခြင်း မရှိကြောင်း သိရှိရသည့်အတွက် Tachileik News Agency Facebook Page တွင် ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

မင်းသူ

## ဌာနဆိုင်ရာများ စုပေါင်း၍ အန္တရာယ်ရှိသစ်ပင်များ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်

ပွင့်ဖြူ ဇွန် ၁၇

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မိုးကြိုကာလများတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ဇွန် ၁၆ ရက် နံနက် ၁၁ နာရီက ပွင့်ဖြူမြို့ပတ်လမ်းတစ်လျှောက်ရှိ အန္တရာယ်ရှိ သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ လမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့ပတ်လမ်း၊ လမ်းဘေး(ဝဲ၊ ယာ)ရှိ အန္တရာယ်ရှိသစ်ပင်များအား ပြည်သူများအန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် စနစ်တကျ စုပေါင်းခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ခဲ့သည်။

ပွင့်ဖြူမြို့နယ်၌ နှစ်စဉ် မိုးရာသီကာလများတွင် ဖြစ်ပွားလေ့ရှိသော လေပြင်းဘေး၊ မိုးကြိုးဘေး၊ ရေကြီးရေလျှံ ဖြစ်ပေါ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်းပြီး ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုရာ ကားလမ်းဘေးတစ်လျှောက်ရှိ အန္တရာယ်ရှိသစ်ပင်သစ်ကိုင်းများကိုလည်း ကြိုတင်၍ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ကြိုပမ်းလုပ်ဆောင်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။

(၀၄၅)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၆ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ma Hnin Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ် (၄)ရပ်ကွက်နေ နှင်းနုဝေအား မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရေစကြိုမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ဟွန်ဒိုင်းယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျတိမ်းမှောက်

ရန်ကုန်-မန္တလေးအမြန်လမ်း နွားထိုးကြီးမြို့နယ် မိုင်တိုင်အမှတ် ၃၁၇အနီးတွင် ဇွန် ၁၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပြင်စည် အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ ပြင်စည် အမြန်လမ်း မီးသတ်တပ်ဖွဲ့ဝင်များသွားရောက်၍ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးမှ နေပြည်တော်သို့ အမျိုးသား ၄ ဦး၊ အမျိုးသမီး ၂၁ ဦး၊ ကလေး ၄ ဦး စီးနင်းလိုက်ပါမောင်းနှင်လာသော ဟွန်ဒိုင်းအမျိုးအစား အဖြူရောင်ယာဉ်သည် အဆိုပါ မိုင်တိုင်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျတိမ်းမှောက် ရပ်တန့်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် အမျိုးသား ၃ ဦး၊ အမျိုးသမီး ၁၂ ဦး၊ ကလေး ၁ ဦး ထိခိုက်ဒဏ်ရာများ အသီးသီးရရှိသဖြင့် လူမှုကူညီရေးအသင်းယာဉ်ဖြင့် မိတ္ထီလာဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(၀၄၅)

# ၂၀၂၄ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၁၇**

၂၀၂၄ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ (World Day to Combat Desertification and Drought)အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုများ အတူတကွ တက်ရောက် စိုက်ပျိုးကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီးက အဖွင့်အမှာစကား ပြောကြား၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က သတ်မှတ်နေရာတွင် စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာ အသီးသီးတွင် အတူတကွ စိုက်ပျိုးခဲ့ကြသည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ (World Day to Combat Desertification and Drought) အထိမ်းအမှတ်ဆောင်ပုဒ်မှာ ကျွန်ုပ်တို့၏ အမွေအနှစ်၊ ကျွန်ုပ်တို့၏ အနာဂတ်ဖြစ်သော ကမ္ဘာ့မြေကို ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့ (United for Land: Our Legacy.Our Future) ဖြစ်ကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့သည် အရိပ်ရပင်များကို တပျော်တပါးစိုက်ပျိုးနေမှုများကိုလိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။ ယနေ့ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် ပျဉ်းမ၊ သျှစ်ရှား၊ ကျွန်း၊ ပိတောက်၊ ခရေ၊ စိန်ပန်း၊ မဲဇလီ၊ တမာ၊ ရေတမာ၊ သပြေ ဘူတ၊ သဘော်ကုက္ကို၊ ငုရွှေဝါ စသည့် သစ်မျိုး ၁၂ မျိုး၊ စုစုပေါင်း ၅၇၆ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀










Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


➤ စာမျက်နှာ ၂၄ မှ

ပွဲစသည်နှင့် ဘယ်လ်ဂျီယံအသင်းက ဆလိုဗက်ကီးယားအသင်းဘက်သို့ တစ်ဖက်နှင့်တစ်ဖက် ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့သည်။ ပွဲချိန် ၇မိနစ်တွင် ဘယ်လ်ဂျီယံအသင်း နောက်ခံကစားသမားများ၏ အမှားမှတစ်ဆင့် ရှရန့်ဇ်က ဆလိုဗက်ကီးယားအသင်းအတွက် ဦးဆောင်ဂိုး ရယူပေးနိုင်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်းကလည်း ချေပဂိုး ပြန်လည်ရရှိရေး အသည်းအသန်ကြိုးပမ်းခဲ့သော်လည်း လူကာကူနှင့် ထရိုဆက်တို့ဖြုန်းတီးမှုများကြောင့် ဂိုးရရှိရန် ခက်ခဲနေခဲ့သည်။ ပထမပိုင်း ပွဲပြီးဆုံးချိန်တွင် ဆလိုဗက်ကီးယားအသင်းက ဘယ်လ်ဂျီယံအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။



ဘယ်လ်ဂျီယံအသင်းအား အနိုင်ရရှိပြီးနောက် ဆလိုဗက်ကီးယားအသင်းသားများ အောင်ပွဲခံနေစဉ်။

ဒုတိယပိုင်းတွင် ဘယ်လ်ဂျီယံအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဆလိုဗက်ကီးယားအသင်းဘက်ကို ဆက်တိုက် ထိုးဖောက်ကစားခဲ့သော်လည်း ဂိုးကံခေမှုများကြောင့် ချေပဂိုး ရရှိမည့် အခွင့်အရေးများနှင့် လွဲချော်ခဲ့ရပြန်သည်။ ပွဲချိန် ၅၆မိနစ်နှင့် ပွဲချိန် ၈၆မိနစ်တွင် လူကာကူ၏ သွင်းဂိုးများအား ပယ်ချခံခဲ့ရခြင်းကြောင့် ဘယ်လ်ဂျီယံတို့ အခွင့်အရေးဆုံးရှုံးခဲ့ရပြန်သည်။ ဆလိုဗက်ကီးယားအသင်းသည် ပြိုင်ပွဲတွင် အားအနည်းဆုံးအသင်းတစ်သင်းဖြစ်သော်လည်း အသင်းလိုက် စုစည်းမှုအားကောင်းကောင်းဖြင့် ဘယ်လ်ဂျီယံအသင်းအား ယှဉ်ပြိုင်ကစားနိုင်ခဲ့သည်။ ဆလိုဗက်ကီးယားအသင်းသည် ဘယ်လ်ဂျီယံအသင်း၏ တောက်လျှောက်ထိုးဖောက်မှုကို အကောင်းဆုံး ဟန့်တားနိုင်ခဲ့မှုကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင်တစ်ဂိုး၊ ဂိုးမရှိ ရလဒ်ဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

ယူရို ၂၀၂၄ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၄၈)ရှိ ဆလိုဗက်ကီးယားအသင်းသည် ကမ္ဘာ့အဆင့် (၄)ရှိသည့် ဘယ်လ်ဂျီယံအသင်းအား စိတ်ဓာတ်ပိုင်းစုဖွဲ့မှုအားကောင်းကောင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဂိုး၊ ဂိုးမရှိ ရလဒ်ဖြင့် အံ့အားသင့်ဖွယ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

(NGB)




## ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် အသက်အငယ်ဆုံး နည်းပြအဖြစ် ဟူဇီလာ မှတ်တမ်းဝင်

**လန်ဒန် ဇွန် ၁၇**

ဘရိုက်တန်အသင်းနည်းပြသစ် ဟူဇီလာသည် ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် အသက်အငယ်ဆုံး နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ နည်းပြ ဟူဇီလာသည် ယမန်နေ့က ဘရိုက်တန်အသင်းက သုံးနှစ်စာချုပ်ချုပ်ဆိုကာ နည်းပြသစ်အဖြစ် ခန့်အပ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတွင် FC St. Pauli၊ FC Pipinsried အသင်းအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်သလို၊ အသင်းအား အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် ဘရိုက်တန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဟူဇီလာက "ကျွန်တော် အခုလို ပရီးမီးယားလိဂ် အသက်အငယ်ဆုံးနည်းပြအဖြစ် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ ဘရိုက်တန်အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အောက်ပုံ)

(NGB)





## အင်္ဂလန်အသင်းနှင့် ယူရို ၂၀၂၄ ချန်ပီယံဆု ရယူသွားလိုဟု ဟယ်ရီကိန်းပြောကြား

**လန်ဒန် ဇွန် ၁၇**

အင်္ဂလန်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းက မိမိအနေဖြင့် အသင်းနှင့်အတူ ယူရို ၂၀၂၄ ချန်ပီယံဆု ရယူသွားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အင်္ဂလန်လက်ရွေးစင်အသင်းသည် ယူရို ၂၀၂၄ အုပ်စု (ဂ)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဆားဘီးယားအသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "ကျွန်တော်တို့မှာ အသင်းစုဖွဲ့မှု ကောင်းကောင်းဖြင့် ကောင်းမွန်တဲ့ အခွင့်အရေးတွေလည်း ရှိနေပါတယ်။ လာမည့် ပြိုင်ပွဲတိုင်းကိုလည်း အနိုင်ရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။ အသင်းနှင့်အတူ ယူရို ၂၀၂၄ ချန်ပီယံဆု ရယူသွားချင်ပါတယ်"ဟု ပြောသည်။ (အပေါ်ပုံ)(NGB)

## ယူရို ၂၀၂၄ ဥရောပဖလားဘောလုံးပြိုင်ပွဲ ၊ အုပ်စုအဆင့်ပွဲစဉ်

အုပ်စု(စ)ပွဲစဉ် **နိုင်ကမ္ဘာ**

**တူရကီယဲ - ဂျော်ဂျီယာ**

**ဇွန် ၁၈ရက် (အင်္ဂါနေ့) ည ၁၀း၃၀ နာရီ**

**(ဒေါ့မွန်ဘောလုံးကွင်း၊ ဒေါ့မွန်မြို့)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၁-၈-၂၀၀၂ | တူရကီယဲ | ၃-၀ | ဂျော်ဂျီယာ | | (ခြေစမ်းပွဲ) |
| ၂၀၀၄-၀၅ | တူရကီယဲ | ၁-၁ | ဂျော်ဂျီယာ | ၂-၅ | တူရကီယဲ (ကမ္ဘာ့ဖလား ၂၀၀၆ ခြေစစ်ပွဲ) |
| ၇-၂-၂၀၀၇ | ဂျော်ဂျီယာ | ၁-၀ | တူရကီယဲ | | (ခြေစမ်းပွဲ) |
| ၂၅-၅-၂၀၁၂ | ဂျော်ဂျီယာ | ၁-၃ | တူရကီယဲ | | (ခြေစမ်းပွဲ) |

ကမ္ဘာ့အဆင့်(၄၀)ရှိသည့် တူရကီယဲအသင်းနှင့် ကမ္ဘာ့အဆင့်(၇၅) ရှိသည့် ဂျော်ဂျီယာအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၅)ကြိမ် ဆုံတွေ့ခဲ့ရာ တူရကီယဲက (၃)ကြိမ် အနိုင်ရပြီး (၁)ကြိမ် သရေကျကာ (၁)ကြိမ်သာ ရှုံးနိမ့်ခဲ့သည့်အတွက် အစဉ်အလာအရ တူရကီယဲက အသာရနေသည့်အပြင် ခြေစွမ်း၌လည်း ကွာခြားချက်ရှိနေ၍ တူရကီယဲတို့ အနိုင်သေချာသည့် ပွဲဖြစ်သည်။

**နှစ်သင်း၏နောက်ဆုံး ၅ ပွဲရလဒ်**

**တူရကီယဲ–သရေ၊ရှုံး၊ရှုံး၊သရေ၊ရှုံး ဂျော်ဂျီယာ–သရေ၊ရှုံး၊နိုင်၊နိုင်၊နိုင်**

**ပေါ်တူဂီ - ချက်ကီးယား**

**ဇွန် ၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၃၀ နာရီ**

**(လိုက်ပဇစ်ဘောလုံးကွင်း၊ လိုက်ပဇစ်မြို့)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၄-၆-၁၉၉၆ | ချက်ကီးယား | ၁-၀ | ပေါ်တူဂီ | | (ယူရို ၉၆ ကွာတား) |
| ၁၁-၆-၂၀၂၀ | ချက်ကီးယား | ၁-၃ | ပေါ်တူဂီ | | (ယူရို ၂၀၀၈ အုပ်စု) |
| ၂၂-၆-၂၀၁၂ | ချက်ကီးယား | ၀-၁ | ပေါ်တူဂီ | | (ယူရို ၂၀၁၂ ကွာတား) |
| ၂၀၂၂ | ပေါ်တူဂီ | ၂-၀ | ချက်ကီးယား | ၀-၄ | ပေါ်တူဂီ(UEFA နေရှင်းလိဂ် အုပ်စု) |

ကမ္ဘာ့အဆင့်(၆)ရှိသည့် ပေါ်တူဂီအသင်းနှင့် ကမ္ဘာ့အဆင့်(၃၆)ရှိသည့် ချက်ကီးယားအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၅)ကြိမ် ဆုံတွေ့ခဲ့ရာ ပေါ်တူဂီက (၄)ကြိမ် အနိုင်ရပြီး (၁)ကြိမ်သာ ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရရော ခြေစွမ်းပါ သာနေသည့် ပေါ်တူဂီတို့ အနိုင်သေချာသည့် ပွဲဖြစ်သည်။

**နှစ်သင်း၏နောက်ဆုံး ၅ ပွဲရလဒ်**

**ပေါ်တူဂီ–နိုင်၊ရှုံး၊နိုင်၊ရှုံး၊နိုင် ချက်ကီးယား–နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင်**

## ဂါဘယ်ရီယယ်လစ္စတာအား ဘီဆစ်တပ်စ်အသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၁၇**

တူရကီထိပ်သီးကလပ် ဘီဆစ်တပ်စ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်း ဝါရင့် နောက်ခံကစားသမားဟောင်း ဂါဘယ်ရီယယ်လစ္စတာအား ပြောင်းရွှေ့ကြေး အလွတ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဗီလာရီးရဲလ်၊ အာဆင်နယ်၊ ဗလင်စီယာ၊ အက်သလက်တီကိုမက်ဒရစ်စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဘီဆစ်တပ်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘီဆစ်တပ်စ်အသင်းထုတ်ပြန်ချက်တွင် "ဂါဘယ်ရီယယ်လစ္စတာအား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို များစွာ ပံ့ပိုးကူညီနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်ခေါ်ယူအားဖြည့်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)



## ဘူဘာဆန်ဂါရေးအား ခေါ်ယူရန် ရိုးမားအသင်း စီစဉ်

**တူရင် ဇွန် ၁၇**

ရိုးမားအသင်းသည် လီဗန်တေးအသင်း နောက်ခံကစားသမား ဘူဘာဆန်ဂါရေးအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ရိုးမားအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

လီဗန်တေးအသင်းကလည်း ဘူဘာဆန်ဂါရေးအတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ရိုးမားအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် လီဗန်တေးအသင်းထံမှ ဘူဘာဆန်ဂါရေးအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)



## နီကိုလိုဇာနီအိုလိုအား ခေါ်ယူရန် အတ္တလန္တာအသင်း စိတ်ဝင်စား

**တူရင် ဇွန် ၁၇**

စီးရီးအေကလပ် အတ္တလန္တာအသင်းသည် ဂါလာတာစာရေးအသင်းနှင့် အဆင်မပြေဖြစ်နေသည့် တောင်ပံကစားသမား နီကိုလိုဇာနီအိုလိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဂါလာတာစာရေးအသင်းမှ အက်စတွန်ဗီလာအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၉ပွဲကစားကာ ၃ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အတ္တလန္တာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တောင်ပံကစားသမား နီကိုလိုဇာနီအိုလို ကိုယ်တိုင်ကလည်း စီးရီးအေသို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် အတ္တလန္တာအသင်းအနေဖြင့် ဂါလာတာစာရေးအသင်းထံမှ နီကိုလိုဇာနီအိုလိုအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)



## 2024 Boss Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jack Draper ဆွတ်ခူး

**စတုဂတ် ဇွန် ၁၇**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် ၂၀၂၄ Boss Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Jack Draper က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Jack Draper သည် 2024 Boss Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Matteo Berrettini အား ၃-၆၊ ၇-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။




အသက်(၂၂)နှစ်အရွယ်ရှိ Jack Draper က "ကျွန်တော် အခုလို 2024 Boss Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆု ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (ဝဲပုံ)

(NGB)



# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

**မန္တလေး ဇွန် ၁၇**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထိန်လင်းနှင့်အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းတို့သည် ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက မန္တလေးသို့ ရောက်ရှိပြီး မန္တလေးတောင်ခြေရှိ ရွှေမန်းတောင်အားကစားကွင်းကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် အောင်မြေမန္တလာအားကစားကွင်းကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အားကစားနှင့်ကာယပညာ(မန္တလေး)သို့ ရောက်ရှိပြီး သင်တန်းသား၊ သင်တန်းသူများအားနေ့လယ်စာကျွေးမွေးနေမှုအား ကြည့်ရှုခဲ့သည်။ ဆက်လက်၍ ကြက်တောင်အားကစားရုံတွင် မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလာသီရိအားကစားကွင်းသို့ သွားရောက်ပြီး အားကစားကွင်း၊ အားကစားရုံနှင့် ဂေါက်ကွင်းလေ့ကျင့်ကွင်းတို့ကို ကြည့်ရှုခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မန္တလေးဘောလုံးအကယ်ဒမီသို့ သွားရောက်ပြီး အမျိုးသမီးဘောလုံးအကယ်ဒမီတည်ဆောက်မည့်မြေနေရာအား ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(၀၄၅)**

# အခြေခံကွန်ပျူတာ သင်တန်းအမှတ်စဉ် (၄/၂၀၂၄) ဖွင့်လှစ်

**ကန့်ဘလူ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် လူငယ်လူရွယ်များနှင့်ဒေသခံပြည်သူများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကွန်ပျူတာပညာရပ်များကို စနစ်တကျလေ့လာကျွမ်းကျင်တတ်မြောက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၄/၂၀၂၄) သင်တန်းဖွင့်ပွဲကို ဇွန် ၁၂ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းဖွင့်လှစ်မည့် အခြေအနေများ၊ သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွန်ပျူတာသင်တန်းဖွင့်လှစ်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၀)**

o-o-o-o-o-o

o-o-o-o-o-o-o

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။

# ပတ်ဝန်းကျင်လေထုအရည်အသွေး ညွှန်းကိန်းနှင့် ဇရာဝတီမြစ်၏ ရေအရည်အသွေး ရလဒ်များအား ထုတ်ပြန်ပေး

**ကသာ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ မြို့နယ်အတွင်း ပတ်ဝန်းကျင်လေထုအရည်အသွေးညွှန်းကိန်းနှင့် ဧရာဝတီမြစ်၏ ရေအရည်အသွေးတိုင်းတာမှုရလဒ်များကို လစဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။

ကသာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရပ်ကွက်(၉)နှင့် ရပ်ကွက်(၅)တို့တွင် အပတ်စဉ် ပတ်ဝန်းကျင်လေထုအရည်အသွေးတိုင်းတာမှုရလဒ်အပေါ် အကြံပြုချက်များမှာ စွန့်ပစ်အမှိုက်များကို စည်းကမ်းမဲ့မီးရှို့ခြင်းမှ ရှောင်ကြဉ်ပြီး 3Rs (Reduce, Reuse, Recycle) စနစ်အား လိုက်နာကျင့်သုံးခြင်း၊ လမ်းဘေးဝဲ၊ ယာ အများပိုင်နေရာများ၊ ရုံးဝင်းအတွင်း အရိပ်ရလေကာပင်များ စိုက်ပျိုးပြုစုပျိုးထောင်ခြင်း၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများအနေဖြင့် တတ်နိုင်သမျှ နေအိမ်အတွင်းနေထိုင်ကြရန်၊ အပြင်သို့ထွက်ခွာသွားလာရန် လိုအပ်ပါက တစ်ကိုယ်ရေ ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းဖြစ်သည့် (နှာခေါင်းစည်း)များအား ဝတ်ဆင်၍သွားလာကြရန် ထုတ်ပြန်ကြေညာထားကြောင်း ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ သိရသည်။

၂၀၂၄ ခုနှစ်၊ မေလအတွင်း အပတ်စဉ် ပတ်ဝန်းကျင်လေထုအရည်အသွေးနှင့် ဧရာဝတီမြစ်၏ရေအရည်အသွေး တိုင်းတာရရှိသည့်ရလဒ်များကို ပြည်သူအများသိရှိနိုင်စေရန် ကားဂိတ်များ၊ ဈေးများ၊ ကြော်ငြာဆိုင်းဘုတ်များနှင့်မိမိတို့၏ လူမှုမီဒီယာကွန်ရက်များတွင် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း ကသာခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှစတင်ကာ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုရပ်၊ မယ်ဇယ်ဈေးတန်း အနီးတွင် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့်တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၁၈ ရက်တွင် အီဒုလ်အသွဟာ(ကုရ်ဘာနီအီးဒ်)နေ့ရုံးပိတ်ရက်တွင် ရပ်နားထားပြီး၊ ဇွန် ၁၉ရက်တွင် အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်(၈၂)၊ ကမ်းနားလမ်း၊ နှင်းဆီအငှားအိမ်ရာတွင်လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်(၂၃၂)၊ လမ်း၃၀နှင့် သင်္ဂဇာအရှေ့ပတ်လမ်းထောင့်တွင်လည်းကောင်း နေ့စဉ် နံနက် ၆နာရီခွဲမှစ၍ ရောင်းချပေးမည်ဖြစ်ပြီး ဇွန် ၂၁ ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးကြီး၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

o-o-o-o-o-o

## မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း( ပြင်ဦးလွင်ရုံးခွဲ )၏ AML / CFT ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် အိမ်ခြံမြေပညာပေး သင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း (ပြင်ဦးလွင်ခရိုင်ရုံးခွဲ)၏ AML / CFT ဥပဒေဆိုင်ရာအသိပညာပေးဟောပြောပွဲနှင့်အိမ်ခြံမြေပညာပေးသင်တန်းဖွင့်ပွဲကို ဇွန် ၁၅ ရက် နံနက် ၈ နာရီခွဲက ရပ်ကွက်ကြီး(၅)ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများနှင့် အိမ်ခြံမြေအကျိုးဆောင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများမှ AML / CFT ဆိုင်ရာဥပဒေများနှင့်အိမ်ခြံမြေသင်တန်း အမှတ်စဉ် ( ၃၁/၂၀၂၄ ) ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ ပြင်ဦးလွင်ခရိုင်အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး (ကိုယ်စား)၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားခြင်း၊ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ဗဟိုယာယီဥက္ကဋ္ဌ ဦးနန္ဒကျော်က အမှာစကားပြောကြားခြင်း၊ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မန္တလေးတိုင်းဒေသကြီး ယာယီဥက္ကဋ္ဌဦးထွန်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ပြင်ဦးလွင်ခရိုင်ရုံးခွဲ၊ ဥက္ကဋ္ဌဦးမျိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခြင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က AML/ CFTဆိုင်ရာ ဥပဒေများအား ဆွေးနွေးပို့ချခြင်းနှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား အသီးသီး ဆွေးနွေးပို့ချခဲ့ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများမှ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခြင်းနှင့်အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ခြင်း၊ ပြင်ဦးလွင်မြို့နယ်၊ မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေဥပဒေဆိုင်ရာများအား ပို့ချခြင်း၊ ပြင်ဦးလွင်မြို့နယ်၊ မြေစာရင်းဦးစီးဌာနမှ စာချုပ်စာတမ်းဥပဒေဆိုင်ရာများအား ပို့ချခြင်းနှင့် ပြင်ဦးလွင်မြို့နယ် အခွန်ဦးစီးဌာနမှ အခွန်ဥပဒေဆိုင်ရာများအား ပို့ချခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(ခရိုင်ပြန်/ဆက်)**





## မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနပိုင် အားကစားကွင်းသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ကွင်းဆင်းကြည့်ရှု

**မြစ်သား ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကူမဲမြို့၊ အမှတ်(၁)ရပ်ကွက်အတွင်းရှိ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် အားကစားကွင်းသို့ ခေတ်မီဘောလုံးကစားကွင်း ဖြစ်ပေါ်လာစေရေးအားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း ဇွန် ၁၅ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ အားကစားကွင်းတွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ခေတ်မီဘောလုံးကစားကွင်း ဖြစ်ပေါ်လာစေရေး၊ ကွင်းပတ်လည် ရေနုတ်မြောင်းများအား ပြုပြင်နိုင်ရန် ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေတင်ပြတောင်းခံပြီး ပြုပြင်ဆောင်ရွက်သွားရန်နှင့် အားကစားကွင်းအုတ်တံတိုင်းများအား ပြုပြင်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများ အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်ကြရန်၊ ဘောလုံးကွင်းသန့်ရှင်းသာယာလှပြီး သပ်ရပ်မှုရှိစေရေးအတွက် ယခုထက်ပိုမိုကောင်းမွန်အောင် ဝန်ထမ်းအားလုံးပူးပေါင်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဦးဝင်းမင်းထွန်း(မြစ်သား)**

၀-၀-၀-၀-၀-၀

## မိုးရာသီစိုက်ပျိုးရန် ပျိုးပင်မျိုးစုံ အခမဲ့ဖြန့်ဝေပေးလျက်ရှိ

**ကျွန်းလှ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုကောင်းမွန်မျှတစေရန်၊ သစ်တောသစ်ပင်၏တန်ဖိုး ပိုမိုနားလည်စေရန်၊ ပြည်သူလူထုကိုယ်တိုင်ပါဝင်ပူးပေါင်းဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ မိုးရာသီစိုက်ပျိုးရန် ပျိုးပင်မျိုးစုံ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့၊ မြို့မပျိုးဥယျာဉ်တွင် ၂၀၂၄ ခုနှစ်၊ မိုးရာသီ စိုက်ပျိုးရန်အတွက် ကျွန်း(၂၀၀၀)၊ တမာ(၅၀၀၀)၊ ပျဉ်းကတိုး (၃၀၀၀)၊ ခရေ(၄၀၀၀)၊ စွယ်တော်(၃၀၀၀)၊ ယူကလစ် (၃၀၀၀) စုစုပေါင်းပျိုးပင်မျိုးစုံ (၂၀၀၀၀)ပျိုးထောင်ထားသည်။

အဆိုပါ ပျိုးပင်များကို ပြည်သူလူထု၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် လမ်းဘေး ဝဲ၊ ယာစိုက်ပျိုးရန် အခမဲ့ဖြန့်ဝေပေးလျက်ရှိပြီး အထူးပျိုးပင်အဖြစ် ပျိုးပင်မျိုးစုံ(၄၀၀၀) ပျိုးထောင်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၀)**

၀-၀-၀-၀-၀-၀



## သင်္ဂဇာချောင်း၊ ကန်တော်ကြီး၊ တောင်သမန်ကန်နှင့် ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေး နေ့စဉ်ဆောင်ရွက်

**မန္တလေး ဇွန် ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန်ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့်သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေလွှဲမြောင်းအတွင်းမှ ဒိုက်အမှိုက်နှင့်ဖော့ဘူးခွံများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်း အနောက်ဘက်ပတ်လမ်း၂၆လမ်းနှင့်၂၇လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းကိုမြောင်းရေနှင့် ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားသည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဖုန်များ သတ်မှတ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဖုန်(၁)၂၂လမ်းနှင့်၂၆လမ်းကြား လမ်းဘေးဝဲယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် ဖုန်၊ သဲ၊ အမှိုက်များ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ဆောင်ရွက်ခြင်းနှင့်သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

# မြင်းခြံမြို့တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြင်းခြံ ဇွန် ၁၇**

ပြည်သူများ သစ်တော၊ သစ်ပင်များ၏တန်ဖိုးကို အလေးထားသိရှိနားလည်စေရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်စေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများ ရရှိစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မိုးရာသီ လူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက် နံနက် ၈ နာရီခွဲက မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်ဝင်းအတွင်းတွင် ကျင်းပခဲ့သည်။



မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မစတင်မီ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဦးရဲမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်စွာစန်းတို့က မြင်းခြံတက္ကသိုလ် ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာ အေးအေးဟန်နှင့် ပါမောက္ခဌာနမှူးများအား ပျိုးပင်များ ဖြန့်ဝေပေးခဲ့ကြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မြင်းခြံတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီးနှင့် ပါမောက္ခဌာနမှူးများနှင့် ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို စနစ်တကျ စိုက်ပျိုးခဲ့ကြပြီး စိုက်ပျိုးထားသည့် သစ်ပင်များအား မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရေလောင်းခြင်းများ ပြုလုပ်ခဲ့သည်။

မြင်းခြံတက္ကသိုလ်တွင် ကျင်းပသော ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ (၂)ပေအထက် စိန်ပန်း၊ ပိတောက်၊ တမာ၊ ဗာဒံ၊ ကုက္ကို၊ ပန်းတမာ၊ သပြေဘူတ စုစုပေါင်း ပျိုးပင် ၂၀၀ အား စိုက်ပျိုးခဲ့ကြသည်။

၂၀၂၄ ခုနှစ် မိုးရာသီကာလ အတွက် မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ပျိုးပင်ပေါင်း ၂၀၀၀၀ ကို ပျိုးထောင်ထားလျက်ရှိပြီး မြင်းခြံမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် သစ်ပင်စိုက်ပျိုးလိုပါက လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၃၆၆)**



# လူငယ်စကားဝိုင်း ကျင်းပ

**ပုဗ္ဗသီရိ ဇွန် ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသားလူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းအခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ကျေးရွာ အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါစကားဝိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်က လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားကာ ရွာသစ်ကျေးရွာ အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမ ဒေါ်ခင်မြင့်ရွှေက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပခဲ့ရာ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်ရုံးမှ ဦးစီးအရာရှိက ဆောင်ရွက်ပြီး ရွာသစ်ကျေးရွာ အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်သူရဦး(Grade-11)က လူငယ်နှင့် စာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်စိုးဝေဖြိုး(Grade-11)က စာရိတ္တမာနခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်အောင်အောင်ဖြိုး(Grade-11)က လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ဘုန်းနန္ဒထွန်း(Grade-11)က ရိုးဖြောင့်မှုအရင်းအမြစ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ကောင်းထက်သာ(Grade-11) က ကိုယ်ချင်းစာမဂ်လာခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ လူငယ်စကားဝိုင်း ဆွေးနွေးပြောကြားပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များကို အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် ရွာသစ်ကျေးရွာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ကုန်ထုတ်လမ်း အကောင်အထည်ဖော်ဖောက်လုပ်နေမှုအား ဇွန် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ပြည်ထောင်စုဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြေနီကျောက်စရစ် ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လမ်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းအရည်အသွေး ပြည့်မီစေရန်နှင့် အချိန်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

စဉ့်ကိုင်မြို့နယ်၊ ရွာသစ်ကျေးရွာ၌ လမ်းအရှည် ၄ ဒသမ ၅၄ ဖာလုံအား လမ်းအကျယ် ၁၂ ပေ ၊ လမ်းအမြင့်ထု ၂ ပေ ၉ လက်မ မြေနီကျောက်စရစ်လမ်းအမျိုးအစား ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေ ၃၉ ဒသမ ၁၀ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုလ ၁၀ ရက်ကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိတွင် ကုန်ထုတ်လမ်းဖောက်လုပ်ရန် လမ်းအကြောင်း ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၃၉ အိမ်၊ လူဦးရေ ၁၀၃၃ ဦး၏ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၄၅)**



သစ်တော၊ သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

# ရေနံချောင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**မကွေး ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး ရေနံချောင်းတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယပညာသင်ကာလ ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီက အဆိုပါ တက္ကသိုလ် ဘောလုံးအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရေနံချောင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်က အားကစားပြိုင်ပွဲများ ကျင်းပရခြင်းနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား အမှာစကား ပြောကြားခဲ့သည်။ **(ယာပုံ)**

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ရူပဗေဒအသင်းနှင့် ဓာတုဗေဒအသင်းတို့က စတင်ယှဉ်ပြိုင်ကစားကြရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါအမျိုးသားဘောလုံးပြိုင်ပွဲတွင် ရူပဗေဒအသင်း၊ ဓာတုဗေဒအသင်း၊ သင်္ချာအသင်းနှင့် ညွန့်ပေါင်းအသင်းတို့ ပတ်လည်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဇွန် ၁၂၊ ၁၄၊ ၁၆ ရက်များတွင် တစ်ရက်လျှင် နံနက်ပိုင်းနှင့် ညနေပိုင်း ပြိုင်ပွဲနှစ်ပွဲ ကျင်းပခဲ့ပြီး ဇွန် ၁၈ ရက်တွင် ဗိုလ်လုပွဲစဉ်ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၇၂)**



## သတင်းပဒေသာ

### ပြည်သူ့စာကြည့်တိုက်၌ စစ်တုရင်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ စစ်တုရင်ပြိုင်ပွဲကို ယမန်နေ့ ညနေပိုင်းက ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ရန်အတွက် ပန္နက်တင်

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သော မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတို့ဖြင့် နှစ်ထပ်ဆောင် ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက နှုံးချိုကျေးရွာအလည်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနှင့်ပတ်သက်ပြီး ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များကို ယမန်နေ့ နံနက် ၆ နာရီက အမှတ်(၄)ရပ်ကွက်၊ ပြည့်စုံဈေးနှင့် လူစည်ကားရာနေရာများတွင် ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### အသိပညာပေး နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူများ အသိဉာဏ်ပညာ တိုးပွားရရှိစေရန် အသိပညာပြန့်ပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ စာဖတ်ရှုမြှင့်တင်ရေး စာအုပ်ပြပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်ပြပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### အသိပညာပြန့်ပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများတိုးပွားစေရန်နှင့် စာဖတ်သည့်အလေ့အထအကောင်းများ ရရှိစေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို ယနေ့ နံနက် ၉ နာရီက မိုင်းလွေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၇ နာရီမှစ၍ မြို့မဈေးကြီးနှင့် မြို့ပေါ်ရပ်ကွက်များတွင် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## စာရေးဆရာ ရဟန်းစာဆိုတက္ကသိုလ်တေဇာလင်း၏ သက်တော်(၅၅)နှစ်ပြည့်မွေးနေ့နှင့် ပဥ္စပဏ္ဏာသ - ငါးညီနောင်စာအုပ် လှူဒါန်းပွဲကျင်းပ



**မန္တလေး ဇွန် ၁၇**

ရဟန်းစာဆို ဆရာတော် တက္ကသိုလ်တေဇာလင်း၏ သက်တော်(၅၅)နှစ်ပြည့် အထိမ်းအမှတ် "ဝိဇာယန မင်္ဂလာ" ဧည့်ခံပွဲနှင့် ငါးညီနောင် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၈ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ် လမ်း၆၀၊ ၃၃ လမ်းနှင့် ၃၄လမ်းကြား၊ နဂါးကွက်သစ်ရှိ ဘာဝနာဂုဏ်ရည် တေဇာလင်းမွေ့ရိပ်သာတွင် ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာ မြန်မာစာပါမောက္ခ ဌာနမှူး(ရဟန်းစာဆိုအရှင် သောတုဇန)-ရဟန်းစာဆို အရှင်ဇောတ (ချပ်သင်း)၊ စာရေးဆရာ မာဃိန္ဒ(ပုသိမ်ကြီး)၊ ဒေါက်တာလွင်ညိုဦး၊ ဆရာမနှင်းဆီအောင်တို့က ဝမ်းမြောက်ဝမ်းသာ မုဒိတာ စကားများ ပြောကြားလျှောက်ထားကြသည်။ ဆက်လက်၍ လင်းလွန်းခင် စာပေတိုက်ပိုင်ရှင် ဦးသိန်းလွင်က ဝမ်းသာစကားပြောကြားလျှောက်ထားပြီး တေးရေးတေးဆိုမောင်ဟန်သာက ထိုသုံးပါးသီချင်းဖြင့် သီဆိုပူဇော်သည်။

ဆက်လက်၍ စာရေးဆရာ မြန္မာ့ဥာဏ်ဝေကာဘိသိက် မင်္ဂလာ စကား လျှောက်ထားပြောကြားသည်။ ထို့နောက် စာရေးဆရာ ရဟန်းစာဆို တက္ကသိုလ်တေဇာလင်းက စာအုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား မိန့်ကြားသည်။

တက်ရောက်လာသူအားလုံးအား ပဥ္စပဏ္ဏာသ-ငါးညီနောင် စာအုပ်ကြီးအား လက်ဆောင်ပေးလှူဒါန်းပြီး အကျွေးအမွေးဖြင့် ဧည့်ခံသည် အခမ်းအနားသို့ စာဆိုရဟန်းသံဃာတော်များ မန္တလေး၊ ပုသိမ်ကြီး၊ စစ်ကိုင်း၊ တံတားဦး၊ အမရပူရ၊ ပြင်ဦးလွင်၊ အင်းဝ ကျောက်ဆည်နှင့်အနီးဝန်းကျင် ဒေသများမှ စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ ပန်းချီဆရာ၊ သတင်းမီဒီယာများ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ခင်ခင်ဝင်း(ပညာရေး)**

*—*—*—*—*

---

## ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံးသို့ ဆားများလှူဒါန်းကုသိုလ်ပြု

**မန္တလေး ဇွန် ၁၇**

နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဇမဟာရဋ္ဌဂုရု ဦးဆောင်းသည့် အသင်းကြီးသို့ ဆားတစ်အိတ် တစ်သောင်းကျပ်ဖြင့် အသီးသီးလှူဒါန်းကုသိုလ်ပြုလျက်ရှိကြရာ မန္တလေးမြို့ အလှူရှင် ဦးမောင်မောင်(ပင်မြင့်စံ)ဘော်ဒါဆောင်က ဆားတစ်အိတ်၊ မန္တလေးမြို့နေ အလှူရှင် ဦးကြည်+ဒေါ်ရီ(မီးရထား)က ဆား နှစ်အိတ်၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် အလှူရှင် ဦးစိုးမိုးနိုင် မိသားစုက ဆား ငါးအိတ်၊ မန္တလေးမြို့နေ အလှူရှင် ဦးတင်အေးကျော် မိသားစုက ဆားအိတ် ၇ အိတ်၊ ရန်ကုန်မြို့ အင်းစိန်မြို့နယ် အလှူရှင် ဒေါ်လှကြူအားရည်စူး၍ ဦးတင့်ဆွေ မိသားစုက ဆားအိတ် ၅၀၊ နေပြည်တော်နေ အလှူရှင် ကိုဇော်မင်းထွန်း မိသားစုက ဆား ၂ အိတ်၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်းနေ အလှူရှင် ဒေါ်မြင့်မြင့်သိန်း မိသားစုက ဆား ၅ အိတ်၊ မန္တလေးမြို့ အလှူရှင် ဦးအောင်ခင်က ဆား တစ်အိတ်၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ အလှူရှင် ဦးကြည်ထွန်း+ဒေါ်အေးအေးမြင့် မိသားစုက ဆား ၅ အိတ်၊ မန္တလေးမြို့ သန္တိသစ္စာရုံးနှင့် ဆောက်လုပ်ရေးအဖွဲ့က ဆား ၁ အိတ် သန္တိသစ္စာဆောက်လုပ်ရေး ဝန်ထမ်းများက ဆား ၁ အိတ်၊ သန္တိသစ္စာ ၂၈ မိုင်ဂိတ် ဝန်ထမ်းများက ဆား ၁ အိတ်၊ မန္တလေးမြို့ အလှူရှင် ဦးအောင်ကျော်ဆင့် + ဒေါ်ဟယ်သီရိန် မိသားစုက ဆား တစ်အိတ် အသီးသီးလှူဒါန်းကြရာ ဥက္ကဋ္ဌ ဦးလှဝင်း ကိုယ်စား ရုံးအဖွဲ့ ဒေါ်စိန်စိန်အေးကလက်ခံရယူပြီး ကျေးဇူး တင်စကားပြော၍ ဂုဏ်ပြုလွှာ အသီးသီး ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(ကဆ)**

---

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**မိုင်းတုံ ဇွန် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ မိုင်းတုံအုပ်စု၊ ဝမ်နားကျေးရွာရှိ အခြေခံပညာမူလတန်းစာသင်ကျောင်း၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မိုင်းတုံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်က လူငယ်များ စာတတ်မြောက်ရေး ပိုင်းဝန်းကူညီပေးနှင့် ကလေးအလုပ်သမား ပပျောက်ရေးအကြောင်း ဟောပြောခဲ့သည်။

ဆက်လက်ပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားတာဝန်ခံ ဦးကျော်ဇင်လတ်က လူငယ်နှင့်အားကစား အခွင့်အလမ်းနှင့် အ·မ·က(ဝမ်နား) စာသင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမော်က စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများ စသည်ဖြင့် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်လှူဒါန်း

**မန္တလေး ဇွန် ၁၇**

ပုသိမ်ကြီးမြို့နယ်၊ ချမ်းသာကြီး ဆန်လှူအသင်းကြီးမှ ကုန်းတန်းလေးရွာ၊ အေမြဘာယာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရဇောတိက အရှင်သူမြတ်အား ဝါဆိုသင်္ကန်းနှင့်တကွ နဝကမ္မဝတ္ထုငွေများကို အသင်း ဥက္ကဋ္ဌ ဦးထွန်းခင်နှင့်အဖွဲ့ နံနက် ၁၁ နာရီက ဆက်ကပ်လှူဒါန်းသည်။ အေးမြဘာယာကျောင်း ဆရာတော်က ချမ်းသာကြီးဆန်လှူအသင်းသို့ အလှူတော်ငွေကျပ် ၁၀၀၀၀၀နှင့် ဆွမ်းဆန်တော် အိတ် တစ်အိတ်ကို လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးထွန်းခင်နှင့် အဖွဲ့က လက်ခံရယူသည်။

ကောင်းမှုအစုစုအတွက် ရေစက်သွန်းချ လှူဒါန်းအမျှဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။ **(ကဆ)**

# နယုန်မိုးဖြင့် စည်ဖြိုးစေသား

ဆရာစန်း(မန်းမြို့သစ်)

## မြန်မာ့နယုန်လ

နယုန်လမရောက်မီကပင် နိုင်ငံအဝန်း ဘာသာရေးပွဲတော်များဖြင့် အထူးစည်ကားလျက်ရှိခဲ့သည်။ ပြီးခဲ့သည့် တပို့တွဲလ ကျွန်ုပ်တို့ မန္တလေးအထက်အညာဒေသတွင် ထမနဲပွဲတော်များ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြသည်။ မန္တလေးဒေသအနေဖြင့် ရှေးအစဉ်အဆက် ထမနဲအချိုးအစပ် 'စားတော်ရဆန်ပေါက်ဝါ၊ လေးပြည်သာထည့်မြဲ၊ ချိန်ပိဿာပေါ်ဆီ လျှမ်းစေဖို့၊ နှမ်းဆီလည်း ထည့်ပြန်' ဆိုသည်ထက် နှမ်းလှော်ကိုကဲထည့်ပြီး ထိုးထားသော ငချိပ်ထမနဲကိုမှ ဈွလမ်းကြသည်။ အပြိုင်အဆိုင်ထမနဲထိုးကြပြီး ရပ်/ရွာထဲမှ လူစုံဝတ်ကောင်းစားလှဝတ်ကြကာ ဘုရားသို့ခမ်းနားစွာ ကပ်လှူကြသည်။ ဘုန်းတော်ကြီးကျောင်းများသို့လည်း အရဏ်ဆွမ်းအမီ ကပ်လှူနိုင်ကြသည်။ ရွာတိုင်း ရပ်တိုင်းကို ပွဲလုပ်ကြသဖြင့် စည်ကားမှုစခဲ့သည်။

ထို့နောက် တပေါင်းပွဲတော်ကာလ အညာဒေသဘုရားပွဲများမှာ ကြက်ပျံမကျ တိုးမပေါက်အောင် များပြားလှသည်။ ရပ်ဝေးဘုရားများသို့ သွားရောက်ဖူးမြော်ကြသည့် ဘုရားဖူးအဖွဲ့များလည်း များလှသည်။ ဆက်တိုက်ဆိုသကဲ့သို့ပင် တန်ခူးလတွင် ပူပြင်းလှသော နေပူရှိန်ကို အန်တုလျက် သင်္ကြန်ပွဲတော်များ ကျင်းပခဲ့ပါသည်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်များတွင် လမ်းလျှောက်သင်္ကြန်များဖြင့် ပြည်သူတို့ လွတ်လွတ်လပ်လပ်ပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။ ဘုရားပွဲတော်များလည်း ရှိသည်။ ပြီးခဲ့သည့် ကဆုန်လတွင်မူ ကဆုန်ညောင်ရေသွန်းပွဲတော်၊ ဗုဒ္ဓနေ့အခါတော်နေ့ကြီးများ ကျင်းပခဲ့ကြသည်။ ကျွန်ုပ်တို့ မန္တလေးမြို့တော်မှာဆိုလျှင် မြို့လယ်ခေါင် ကျုံးတော်၏ လေးဖက်လေးတန်တွင် မြို့ပေါ်ရှိ သံဃာတော်များကို ပင့်ဖိတ်၍ ဆွမ်းဆန်စိမ်း လောင်းလှူပွဲမှာ ကျင်းပခဲ့ကြသည်။ အခြားမြို့ တော်တော်များများတွင်လည်း ကျင်းပခဲ့ကြကြောင်း သိရသည်။

ယခုနယုန်လတွင် ကား နယုန်မိုးဖြင့်စည်ဖြိုးတော့မည်ကို မှန်းဆ၍ ပြည်သူပြည်သားတို့ အေးချမ်းသာယာမည့် နိမိတ်ဆောင်လျက်ရှိသည်။ ပထမဦးဆုံးတွေ့ရသည့် မြင်ကွင်းမှာ ပြည်သူလူထု၏ ရင်သွေးငယ်များ တစ်ဦးမကျန် ပညာသင်ကျောင်းများသို့ ကျောင်းစတက်နေခြင်းပင်ဖြစ်သည်။

## မြန်မာ့တတိယမြောက်လ

မြန်မာတို့၏ တစ်နှစ်တာဆယ့်နှစ်လတွင် နယုန်လသည် တတိယမြောက်လဖြစ်ပေသည်။ ကဆုန်လသည် ခရစ်နှစ် ၂၀၂၄ခုနှစ်၊ ဇွန် ၆ရက်နေ့တွင် လကွယ်သဖြင့် သက္ကရာဇ် ၁၃၈၆ ခုနှစ် နယုန်လသည် ၂၀၂၄ဇွန် ၇ရက်မှ ဇူလိုင် ၅ ရက်အထိဖြစ်ရာ ရက်ပေါင်း ၂၉ရက်သာရှိသည်။ ရက်မစုံလဖြစ်သည်။ လပြည့်နေ့မှာ ဇွန် ၂၁ ရက်သောကြာနေ့ဖြစ်သည်။

နယုန်လသည်ကား နွေလကုန်မိုးအကူးကာလပင်ဖြစ်သည်။ ပြီးခဲ့သည့် ကဆုန်လက ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းငယ်တစ်ကြိမ်ဖြစ်ရာမှ အဖျားခတ်၍ အထက်မြန်မာပြည်တစ်ဝန်းမိုးရောလေပါစကျခဲ့သည်။ ထိုမိုးလေအပြီးတွင် မြန်မာနိုင်ငံအတွင်းသို့ မုတ်သုံလေစဝင်လာသည်နှင့် မိုးသက်လေပြင်းများ အဆက်မပြတ် တိုက်ခတ်သည်။ ဧပြီလ၊ မေလ နေပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထက်ပိုလာသဖြင့် အပူချိန်ကို အန်တုခဲ့ရာ ကဆုန်လ နောက်ဆုံးပတ်မှစ၍ ရာသီဥတုအေးမြသွားခဲ့သည်။ နယုန်လမှစ၍ အေးမြသာယာမည့် နိမိတ်ပင် ဖြစ်သည်။

မိုးသေးမိုးဖွားများ ဆက်တိုက်ကျလာရာ ရှေးစကားအရ 'နယုန်မိုးသေး၊ မြက်သားမွေး' အဆိုမှန်ကန်ပေသည်။ မြက်၊သစ်ပင်အားလုံး စိမ်းလမ်းစိုပြည်လာကြသည်။ ရှေးစာဆိုတော်ကြီး ဦးမင်းက နယုန်လအကြောင်း ဖွဲ့နွဲ့စပ်ဆိုရာတွင်

'**ရွှေစာတော် ပြန်မေးလို့၊**
**မြတ်လေးတဲ့စံပယ်။**
**မေထုန်ဆိုရာသီထူး၊ပွင့်ဖူးဝတ်မှုန်နဲ့၊**
**သင်းဖွဲ့ တော့တယ်။**
**ကောင်းကင်လယ်၊ထက်ဝယ်ဘုံလ၊**
**ဇေ္ဈခေါ် ရွှေကြယ်မင်းငယ်၊**
**လင်းတဲ့ ချိန်ပ**' ဟူ၍ ဖြစ်သည်။ နယုန်လ၏ သာယာပုံကို အခြားစာဆိုတော်များကလည်း စပ်ဆိုရေးသားခဲ့ကြသည်။

မြန်မာအဘိဓာန်၏ 'ဆယ့်နှစ်ရာသီ သရုပ်၊ ပွဲ၊ ပန်း၊ နက္ခတ်ပြဇယား' တွင် နယုန်လ၏ ရာသီမှာ 'မေထုန်ရာသီ' ရာသီရုပ်မှာ 'မိန်းမ၊ ယောက်ျား'၊ ရာသီပွဲမှာ 'စာပြန်ပွဲ'၊ ရာသီပန်းမှာ 'စံပယ်ပန်း' စန်းယှဉ်နက္ခတ်မှာ 'ဇေ္ဈ' ဟူ၍ ဖော်ပြထားသည်။

## စာပြန်ပွဲတော်နှင့် လယ်ထွန်မင်္ဂလာပွဲတော်

ရှေးအစဉ်အဆက်မှ ယခုခေတ်တိုင် နယုန်လရောက်တိုင်း စာပြန်ပွဲတော်များကျင်းပလေ့ရှိသည်။ ဗုဒ္ဓသာသနာသည် အစဉ်အဆက်စည်းကမ်းကြီးမားလှသော သာသနာဖြစ်၍ ဘာသာရေး၊ သာသနာရေးနှင့်စပ်လျဉ်းပါက တစ်နှစ်တာ အစီအစဉ်များအတိုင်း မပျက်မကွက်ဆောင်ရွက်လေ့ရှိသည်။ သာသနာအတွင်း ဝင်ရောက်လာကြသော ရဟန်းတို့သည် ဗုဒ္ဓစာပေနှင့်စပ်လျဉ်း၍ စနစ်တကျ ကျက်မှတ်လေ့လာကြရသည်။ နေ့စဉ်မပျက်၊ စာသင်၊ စာအံ၊ စာမေး၊ အဖြေလုပ်ကြရသည်။ မိမိတို့ တတ်မြောက်မှုကို ဆရာတော်ကြီးများက စနစ်တကျစစ်ဆေးကြရသည်။ ပြီးမှ ဘွဲ့များချီးမြှောက်ကာ စာသင်သားမှ စာချကိုယ်တော် ဖြစ်ကြရသည်။ စာပေကျမ်းဂန်ပြည့်စုံစွာ တတ်မြောက်ပြီးမှ တရားကျင့် တရားဟောဘက် ကူးကြရသည်။

သို့ဖြစ်၍ နယုန်လရောက်လျှင် သူ့အသင်းနှင့်သူ စာပြန်တတ်ပွဲများ ပြုလုပ်ကြသည်။

မှန်နန်းရာဇဝင်တော်ကြီးအရ ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက်တွင် ကျမ်းဂန်သင်ကြားသော ရှင်သာမဏေတို့အား သင်ကြားတတ်မြောက်မှုအဓိပ္ပာယ်ဖွင့်ဆိုမှု မှန်မမှန် စစ်ဆေးပြီးနောက် ဘုရင်ကိုယ်တိုင် ပဉ္စင်း ၁၀၈ ပါး သာမဏေ ရှစ်ပါးတို့ကို ပဉ္စင်းခံတော်မူသည်ဟု သိရသည်။ အင်းဝခေတ်မှ ကုန်းဘောင်ခေတ် ရတနာပုံခေတ်အထိ ဘုရင်ကိုယ်တိုင်က ချီးမြှင့်သည့် စာပြန်ပွဲများ ကျင်းပခဲ့သည်။ အစဉ်အလာရှိးရာ ယခုတိုင်ထိုအစဉ်အလာမပျက်ဘဲ နယုန်လအတွင်း စာပြန်ပွဲများ ကျင်းပကြခြင်း ဖြစ်သည်။

'လယ်ထွန်မင်္ဂလာပွဲ'များသည် ရှေးမြန်မာမင်းများလက်ထက်တော်မှ အစပြု၍ ရတနာပုံခေတ်အထိ ရှိခဲ့သည်။ ယခုအခါ ထီးနန်းဆန်ဆန် လယ်ထွန်မင်္ဂလာပွဲတော်များအား တောင်သူလယ်သမားကြီးများကိုယ်တိုင် မိမိလယ်ရှင် မိမိနွားနှင့် နှစ်စလယ်ထွန်ခြင်းကို စကြသည်။ ကျွန်ုပ်တို့နိုင်ငံသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးသည် အဓိကစီးပွားရေးဖြစ်သဖြင့် လယ်ယာထုတ်လုပ်ငန်းကို အစိုးရအဆက်ဆက် ဝန်ကြီးဌာန သီးခြားဖွင့်၍ ပေးခဲ့ကြသည်။

တောင်သူလယ်သမားကြီးများမှာလည်း နှစ်စဉ်မပျက် နွားနှင့်ဖက်၍ ပင်ပန်းကြီးစွာ စပါးစိုက်ပျိုးလုပ်ကိုင်ကြရသည်။ စပါးထွက်လာသောအခါမှ မိသားစုအလိုက် ပျော်ကြရသည်။

## နယုန်မိုးဖြင့် စည်ဖြိုးစေသား

နေရောင်ခြည်ရှိသောလဖြစ်သဖြင့် ဂန္ဓမာပန်းရောင်စုံ၊ ဒေလီယာပန်းရောင်စုံ၊ ရွှေပန်း၊ ငွေပန်း၊ နှင်းဆီပန်းရောင်စုံနှင့် ရွက်လှပန်းများ၊ ဇွန်ပန်း၊ စံပယ်ပန်းတို့သည်လည်း အလှချင်းပြိုင်၍ ဖူးပွင့်ကြသော လဖြစ်သည်။ စံပယ်ပန်းသည်ကား အမွှေးဆုံး၊ အလှဆုံး၊ လူကြိုက်အများဆုံးဖြစ်ပေသည်။

မိုးဦးစပြီဖြစ်၍ တောင်သူလယ်သမားကြီးတို့အနေဖြင့် ဆန်စပါးစိုက်ပျိုးရေးကို ရှေးရိုး ကျွဲ၊ နွားဖြင့် ထွန်ယက်ကြ၍လည်းကောင်း၊ ခေတ်ပေါ်ကန်ထရိုက်စနစ်ဖြင့် စက်အားသုံး၍ စပါးမျိုးသစ်များစိုက်၍လည်းကောင်း၊ ကြိုးစားလျက်ရှိကြလေပြီ။ ဆန်စပါးအထွက်ပိုမှသာ နိုင်ငံရိက္ခာရော၊ နိုင်ငံခြား ပို့ကုန်ရောရမည် ဖြစ်သည်။

ပီတိအဖြစ်ရဆုံးမှာ အရွယ်မရွေး မိမိတို့ရင်သွေးငယ်တို့ကို မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ သင်တန်းအသီးသီးတို့ ဝတ်စုံများဖြင့် ရွှင်လန်းတက်ကြွစွာ ကျောင်းတက်ကြသည့် မြင်ကွင်းပင်ဖြစ်သည်။ နိုင်ငံတော်သည် အဖက်ဖက်မှ စည်ကားသိုက်မြိုက် တိုးတက်လာသည်။

ဤနယုန်လအတွင်း ရှေးဦးစမည့် မိုးရေများများရနိုင်ပါက စိုက်ပျိုးရေးတွင် အောင်မြင်ကာ ဤနယုန်လမိုးဖြင့် တိုင်းပြည်ဖွံ့ဖြိုးသာယာမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# တောင်သမန်အင်းတွင် လာမည့်ရက်များ၌ အင်းရေတိုးလာတော့မည်ဖြစ်ပြီး ငှက်လှေစီးသူ ပုံမှန်ရက်ထက် များပြားမည်

**မန္တလေး ဇွန် ၁၇**

အမရပူရမြို့ တောင်သမန်အင်းတွင် လာမည့်လတွင် အင်းရေတိုးလာတော့မည်ဖြစ်၍ လက်ရှိပုံမှန်ထက် ပြည်တွင်း ပြည်ပငှက်လှေစီးသူပိုမိုများပြားလာမည်ဟု တောင်သမန်ငှက်လှေအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

လက်ရှိတွင် ရုံးပိတ်ရက်များနှင့် ဥပုသ်ရက် အခါကြီးနေ့ရက်များ၌ ပုံမှန်ကြားရက်များထက် ငှက်လှေစီးသူများပြားပြီး ထိုရက်များ၌ ငှက်လှေသမားများ ဝင်ငွေကောင်းသည်ဟု ဆိုသည်။

'တောင်သမန်ဦးပိန်တံတားကို လာတဲ့ ပြည်တွင်းဧည့်သည်တွေက ငှက်လှေစီးသူနည်းတယ်။ စားသောက် အနားယူပြီး ပြန်ကြတာများတယ်။ ပြည်ပခရီးသွားအတော်များများကတော့ ဦးပိန်တံတားရောက်တာနဲ့ ငှက်လှေစီးလေ့ရှိကြတယ်။ ခုတလောမှာ အင်းရေနည်းတော့ ပြည်ပခရီးသွားတွေကို ခရီးသွားအေဂျင်စီတွေက မပို့ကြသေးဘူး။ လာမယ့်လမှာ အင်းရေတိုးလာတော့မယ်ဆိုတော့ ငှက်လှေစီးသူများလာနိုင်တယ်'ဟု ၎င်းက ပြောသည်။

တောင်သမန်အင်းရေသည် ဧရာဝတီမြစ်နှင့် ဆက်စပ်နေခြင်းကြောင့် ယခုရက်ပိုင်း မြစ်ရေကျဆင်းသဖြင့် အင်းရေမှာလည်း ပြီးခဲ့သည့် သီတင်းတစ်ပတ်ကျော်ကထက် အင်းရေကျဆင်းသွားခဲ့ရာ လာမည့်ရက်များတွင် ရေတိုးလာတော့မည်ဖြစ်ကြောင်း၊ အင်းရေများပြားချိန်တွင် ဦးပိန်တံတားနှင့် တောင်သမန်အင်းအလှ ပိုမိုပြည့်စုံသဖြင့် ထိုအချိန်များ၌ ပြည်ပခရီးသွားများလာရောက်မှုများသည့်အချိန် ဖြစ်သည်။

'ဝါဆို-ဝါခေါင် ရေဖောင်ဖောင်ဆိုတဲ့ မြန်မာစကားပုံရှိတော့ လာမယ့်လက ဝါဆိုလဖြစ်လို့ မြစ်ရေတိုးလာတာနဲ့ အင်းရေလည်း တိုးလာပြီး အင်းရေပြင်လည်းကျယ်လာမယ်။ ငှက်လှေစီးရတဲ့ အရသာက လှိုင်းတစ်အိအိနဲ့ စီးလို့ကောင်းတယ်'ဟု တောင်သမန်အင်းသို့ တစ်လတစ်ကြိမ်လာရောက်အပန်းဖြေသည့် မန္တလေးဒေသခံတစ်ဦးက ပြောသည်။

တောင်သမန်ငှက်လှေအသင်းတွင် ငှက်လှေအစီး ၄၃ စီးရှိပြီး ကိုဗစ်ကာလနောက်ပိုင်း ပြည်ပခရီးသွားနည်းပါးခြင်းနှင့်ပြည်တွင်းဧည့်သည့်များ ငှက်လှေစီးမှုနည်းပါးခြင်းတို့ကြောင့် ယခင်နှစ်များထက် အစီးရေလျော့နည်းလာကြောင်း၊ ငှက်လှေစီးခမှာ စီးနင်းလိုက်ပါသူ ဦးရေအနည်းအများနှင့် အင်းအတွင်း လှည့်ပတ်သည့်နေရာပေါ်မူတည်၍ ငွေကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ ထိရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-ဇ)



# MSME လုပ်ငန်းနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိုင်းယောင်း ဇွန် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇွန် ၁၄ ရက် နံနက်ပိုင်းက MSME လုပ်ငန်းနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပရာ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖေါင်းတို့က "နိုင်ငံ့စီးပွားမြှင့်တင်ရေး စိုက်ပျိုးမွေးမြူရေး တွန်းအားပေး"အကြောင်းကို ဆွေးနွေးခဲ့သည်။




ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပြီး နိုင်ငံတော်၏ ပံ့ပိုးမှုများကို ထိရောက်စွာ အသုံးချကာ ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြပြီး ဒေသတွင်း စားရေရိက္ခာ ဖူလုံရေးမှသည် အပိုအလျှံများကို လိုအပ်သည့်နေရာများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ရုပ်သံကျွမ်းကျင်(၃)က နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးမောင်းနှင်အား အားကောင်းပါမှ အခြားကဏ္ဍများ တိုးတက်နိုင်မှာ ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်စေရန်အတွက် ပြည်တွင်းစွမ်းပကားများဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန် မြှင့်တင်အားပေးဆောင်ရွက်ကြကြောင်း၊ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

(ဝဲပုံ)

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**



# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဘုရားအမှတ် ၆၂၉ နှင့် ၆၂၈၊ ၆၂၄၊ ၆၃၀ ပတ်ဝန်းကျင်တို့၌ သန့်ရှင်းရေးပြုလုပ်

**ညောင်ဦး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားအမှတ် ၆၂၉ ၊ ၆၂၄၊ ၆၂၈၊ ၆၃၀ ဘုရားအတွင်းအပြင်တို့တွင် ညောင်ဦးမြို့နယ် ဖောင်ဖွဲ့ရေးရုံးဝန်ထမ်းများနှင့် ပလင်းဆင်စခန်းရှိ ဆင်ဦးစီး၊ ဆင်ခေါင်း၊ ဆင်ပဲ့ချိတ်ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ဘုရားအမှတ် ၆၂၉ ဘုရားအတွင်းရှိ ဆင်းတုတော်အား မျက်နှာတော်ရောင်တော်ဖွင့်ခြင်း၊ လိုဏ်အတွင်း ဖုန်မှုန့်၊ သဲမှုန့်၊ ငှက်ချေးများရှင်းလင်းခြင်း၊ ဘုရားအမှတ် ၆၂၉ နှင့်ဘုရားအမှတ် ၆၂၈ ပတ်ဝန်းကျင်ရှိ သစ်ပင်၊ ပေါင်းမြက်များ ရှင်းလင်းမီးရှို့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဆင်စခန်းတာဝန်ခံက ပြောကြားသည်။

အဆိုပါ ဘုရားအမှတ် ၆၂၉ သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အရာထမ်း၊ အမှုထမ်းများ ပြုပြင်လှူဒါန်းထားသည့် ဘုရားဖြစ်ပြီး အေဒီ ၁၂ ရာစုလက်ရာဖြစ်ကြောင်း၊ မပြုပြင်မီအချိန်က တိုက်မအရှေ့ဘက်နှင့် တောင်ဘက်နံရံမှာ အမြင့် ၇ ပေခန့်ရှိပြီး မြောက်ဘက်နံရံမှာ တိုက်မချင်းမိတ်တိုးအထိ မြေပြင်မှအမြင့်ပေ ၂၀ ခန့်နှင့်အာရုံခံကောင်းစွာကျန်ရှိခဲ့ပြီး အထူးသဖြင့် အတွင်းဆင်းတုတော်ကြီးမှာ ဥဏ်တော် ၉ ပေခန့်ရှိပြီး ပလ္လင်တော်မှာအင်္ဂတေဖြင့် ပြုလုပ်ထားသော ဇရာဝဏ်ဆင်ရုပ်တု၊ ခြသေ့်ရုပ်ထုနှင့် ဦးခေါင်းနှစ်လုံးပါသော ဂန(Ga Na)ရုပ်ထုများ၊ လက်ရာကောင်းမွန်စွာကျန်ရှိသေးသည့် ဘုရားဖြစ်ကြောင်း ရှေးဟောင်းနည်းစနစ်၊ ရှေးဟောင်းသရွတ်စပ်နည်းများဖြင့် ရှေးလက်ရာမပျက် ပြန်လည်ပြုပြင်ထားသည့် ဘုရားဖြစ်ကြောင်း ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကိုက ရှင်းပြသည်။

(၄၈၁)

# ကလေးအလုပ်သမားဖယ်ရှားရေးနှင့်ပြန်လည်ကုစားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မင်းဘူး ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၌ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centre ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သိမ့်သိမ့်အေးက ကလေးအလုပ်သမားဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကလေးအလုပ်သမားများ ဖြစ်ပေါ်လာပုံနှင့် ကုစားရေးနည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးခိုင်က မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းဆပ်ကော်မတီ၏ လုပ်ငန်းကြီး ၈ ရပ်နှင့် ကလေးငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ ရပိုင်ခွင့် အခွင့်အရေးများ၊ ဆိုင်ရှင်၊ စက်ရုံ၊ အလုပ်ရုံပိုင်ရှင်များ၊ ဆက်စပ်ဌာနများနှင့် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်း၍ ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ **(အောက်ပုံ)**



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက မရှင်းလင်းသည့်အချက်များကို မေးမြန်းကြရာ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဆိုင်ရာများ၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များ၊ Museum ခန်းမရှိ မင်းဘူး(စကု)မြို့နယ်အတွင်းမှ ထွက်ရှိသော ဒေသထွက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ (၅၀၄)

# လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်

**မိုင်းဆတ် ဇွန် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက အ·လ·က(ကျဒယ်)ကျောင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အ·လ·က (ကျဒယ်)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အက်စတာက အဖွင့်အမှာစကားပြောကြားခဲ့ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၃) မိုင်းဆတ်မှ ဒုတိယရဲမှူး လှဘုန်းက လူကုန်ကူးခံရနိုင်သည့် အခြေအနေနှင့် လူကုန်ကူးသူပွဲစားများ စည်းရုံးလေ့ရှိသည့် အလေ့အထများကို အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုင်းဆတ်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပလတ်စတစ်လျှော့ချရေးဆိုင်ရာများကိုလည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်လပြည့်ဝန်းက လူငယ်နှင့်အားကစားဆိုင်ရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြပြီး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။

ထို့နောက် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ကျောင်းသား၊ ကျောင်းသူများကို Fitness Dance သင်ကြားပေးကာ တာဝန်ရှိသူတို့က အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ပြသထားသည့် မူးယစ်ဆေးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

# ပထမနှစ် သူနာပြုသားဖွားဒီပလိုမာအမှတ်စဉ်(၂၀)မှ သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် သူနာပြု ဦးဆောင်းအပ်နှင်းခြင်း အခမ်းအနား ကျင်းပ

**ဗန်းမော် ဇွန် ၁၇**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်ရှိ ကျန်းမာရေးဝန်ကြီးဌာန သူနာပြုသင်တန်းကျောင်းတွင် ဇွန် ၁၄ရက် နံနက် ၉ နာရီက ပထမနှစ် သူနာပြုသားဖွားဒီပလိုမာအမှတ်စဉ်(၂၀)မှ သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် သူနာပြု ဦးဆောင်းအပ်နှင်းခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗန်းမော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားပြီး ဗန်းမော်မြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်စိုးမှ ဆုံးမသြဝါဒစကားပြောကြား၍ သူနာပြု သင်တန်းကျောင်းအုပ်ကြီး ဒေါ်နွယ်နွယ်စိုးမှ Coating and Capping နှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး အတန်းလိုက် ထူးချွန်ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ သူနာပြုသားဖွားဒီပလိုမာ သင်တန်းသား၊ သင်တန်းသူများမှ သူနာပြုဆီမီးတိုင်အား ထွန်းညှိကာ သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ပထမနှစ် သူနာပြုသားဖွားဒီပလိုမာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများမှ ကရုဏာအလင်းသီချင်းအား စုပေါင်းသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အဆိုပါ ပထမနှစ် သူနာပြုသားဖွားသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူအင်အား ၁၀၀ ကျော် တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၄၄)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု ကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေး နှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထ္တိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက် ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည် အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာ စေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ စောင့်ရှောက်ရေးသည် နိုင်ငံ့အရေးပင်ဖြစ်ပြီး နိုင်ငံ့ အရေးနှင့် ပတ်သက်၍ နိုင်ငံတော်တွင်ရှိသည့် နိုင်ငံသား တိုင်းတွင် တာဝန်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း(ဗဟို)မှ အဖွဲ့ဝင်များအားတွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးမြှင့်ရေး ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Abhay Thakur အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဇွန် ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Abhay Thakur အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးမြှင့်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားနှင့်

စာမျက်နှာ ၅ သို့ ☆

# ရိုမေးနီးယားအသင်း သုံးဂိုးပြတ်ဖြင့် ယူကရိန်းကို နိုင်၊ နာမည်ကြီး ဘယ်လ်ဂျီယံကို ဆလိုဗက်ကီးယားအသင်း အံ့အားသင့်ဖွယ် အနိုင်ယူ

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(င)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီ ၃၀မိနစ်အချိန်က ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့၊ မြူးနစ်ဘောလုံးကွင်းတွင် ရိုမေးနီးယားအသင်းနှင့် ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရိုမေးနီးယာအသင်းက ယူကရိန်းအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။



ရိုမေးနီးယားအသင်း ဂိုးရရှိပြီးနောက် ပွဲကြည့်ပရိသတ်များနှင့်အသင်းကစားသမားများ အောင်ပွဲခံနေစဉ်။

ပထမပိုင်းပွဲစသည်နှင့် ယူကရိန်းအသင်းက ရိုမေးနီးယားအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ပွဲကို စိုးမိုးထားနိုင်ခဲ့သော်လည်း တိုက်စစ်ပိုင်းက ထိရောက်သော ထိုးဖောက်မှုများ ပြုလုပ်နိုင် ခြင်းမရှိသောကြောင့် ဂိုးရရှိရန် ခက်ခဲနေသည်။ ရိုမေးနီးယားအသင်းကလည်း အသင်းလိုက် စုဖွဲ့မှုအားကောင်းကောင်းဖြင့် ယူကရိန်းအသင်းကို ယှဉ်ပြိုင်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၂၉မိနစ်တွင် ယူကရိန်း ဂိုးသမား လူနင်၏ အမှားမှတစ်ဆင့် စတန်စီယူက ရိုမေးနီးယားအသင်းအတွက် ဦးဆောင်ဂိုး ရယူပေးနိုင်ခဲ့သည်။ နောက်ပိုင်းတွင် ယူကရိန်းတို့ ချေပဂိုး ပြန်လည်ရရှိရေး ကြိုးပမ်းနိုင်ခြင်းမရှိ သောကြောင့် ပထမပိုင်း ပွဲစဉ်ပြီးဆုံးချိန်တွင် ရိုမေးနီးယားအသင်းက ယူကရိန်းအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ရိုမေးနီးယားအသင်းက ယူကရိန်းဘက်ကို တောက်လျှောက် တိုက်စစ်ဆင် ကစားနိုင်ခဲ့ပြီး ပွဲချိန် ၅၃မိနစ်တွင် မာရင်က အသင်းအတွက် ဒုတိယမြောက်ဂိုး ရယူပေးနိုင်ခဲ့သည်။ ဆက်တိုက်ဆိုသလို ပွဲချိန် ၅၇မိနစ်တွင် ဒရာဂပ်စ်က တတိယမြောက် ဂိုးထပ်မံ ရယူပေးနိုင်ခဲ့သည်။ လက်ကျန်မိနစ်များတွင် နှစ်ဖက်အသင်းအနေဖြင့် ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် ရိုမေးနီးယားအသင်းက ယူကရိန်းအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာမနီနိုင်ငံ၊ ဖရန့်ဖတ်မြို့၊ ဖရန့်ဖတ်ဘောလုံးကွင်းတွင် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီခွဲက ဘယ်လ်ဂျီယံအသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆလိုဗက်ကီးယားအသင်းက ဘယ်လ်ဂျီယံအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၁၀ သို့ ➤